# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက် မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 27 February 2018 ၉၂၁၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ(၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရန် လိုအပ်ချက်ရှိနေသည့်ကျောင်းများကို သတ်မှတ်မှုများ ပြေလျော့ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိ

စာမျက်နှာ - ၅

## မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ သဘောထားအမြင်များ

စာမျက်နှာ - ၁၀

## ပြိုင်ချမ်း ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ - ၁၃




# ကြေးမုံ

## နွေကာလ မီးအန္တရာယ် သတိပြုကာကွယ်

ရာသီအားဖြင့် တပေါင်းလသည် ရွက်ဟောင်းကြွေကာ ရွက်သစ်ဝေရန်တာစူသည့် နွေဦးကာလဖြစ်သည်။ မြန်မာပြည်တစ်ဝန်း၌ ဆောင်းအကုန်တပေါင်းလအကူးအထိ အအေးပိုခဲ့ရာမှ အအေးဓာတ်အဆုံးသတ်သဖြင့် စိုစွတ်သော ပတ်ဝန်းကျင်မှ ခြောက်သွေ့သော ဝန်းကျင်လောကအဖြစ်သို့ ရောက်ရှိလာသည်။ ခြောက်သွေ့ရာသီ နွေဦးကာလရောက်သည်နှင့် ထိုရာသီနှင့်အတူ အတူယှဉ်တွဲပါလာတတ်သော အန္တရာယ်ဆိုးကို သတိပြုကြရမည် ဖြစ်သည်။ ယင်းမှာ နွေပေါက်သည်နှင့် ရပ်ရွာများတွင် ဖြစ်ပေါ်လေ့ရှိသည့် ပြည်သူများအား ဒုက္ခပေးနိုင်သော မီးဘေးအန္တရာယ်ဖြစ်သည်။

ဖေဖော်ဝါရီလအကုန် နွေရာသီသို့ ကူးပြောင်းရောက်ရှိသည်နှင့် မီးလောင်မှုသတင်းများ မကြာခဏဆိုသလို ကြားသိလာရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဖေဖော်ဝါရီ ၂၅ ရက်က တစ်ရက်အတွင်း မီးလောင်မှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီး တစ်မှုမှာ ဝါယာကြိုးအပူလွန်ကဲမှုကြောင့်ဖြစ်သည်။ ထိုနေ့တွင်ပင် ညောင်လေးပင်မြို့၌ ဝါယာကြိုးအပူလွန်ကဲ မီးလောင်မှုနှင့် မာန်အောင်မြို့နယ်တွင်လည်း မီးလောင်မှု ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီ ၁၃ ရက်က တွံတေးမြို့နယ် ပန်းလှိုင်တံတားအဆင်းတွင် လောင်စာဆီတင် ယာဉ်နှစ်စီး ဆီလှယ်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပေါင်းတည်မြို့တွင် ရှို့မီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ပေါ့ဆမီးစသည်ဖြင့် မီးလောင်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

နေအိမ်မီးလောင်မှုဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုလျှင် လျှပ်စစ်ဓာတ်အားအသုံးပြုရာ၌ ဝန်နှင့်အား မမျှသောကြောင့် မီးလောင်မှုများနှင့် မဆင်မခြင်မှု၊ ပေါ့ဆမှုများကြောင့် မီးလောင်မှုအများဆုံးဖြစ်ပွားသည်ကို တွေ့ရသည်။ လျှပ်စစ်ဓာတ်အားအသုံးပြုရာ၌ ဝန်နှင့်အား မမျှသောကြောင့် ဖြစ်ပွားရသည့်မီးလောင်မှုများမှာ ရာသီမရွေးဖြစ်ပွားတတ်ပြီး လူတို့အနေဖြင့် သုံးစွဲလိုမှုတစ်ခုတည်းကိုသာကြည့်ပြီး မနိုင်ဝန်ကို အသုံးပြုမိခြင်း၊ မီးလောင်နိုင်သည့်အရာများကို သတိမထားမိခြင်းတို့သည် လူတို့၏စည်းစိမ်ဥစ္စာများကို ဆုံးရှုံးစေနိုင်သည့် ပေါ့ဆမှုများပင်ဖြစ်သည်။

မီးဘေးအန္တရာယ်သည် သဘာဝဘေးများတွင်ပါဝင်သည်ဆိုသော်လည်း လူတို့၏ မဆင်ခြင်မှု၊ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်၍ မဖြစ်သင့်မဖြစ်ထိုက်သော ဘေးအန္တရာယ်ဖြစ်သည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သော လေပြင်းမုန်တိုင်းနှင့် ရေကြီးရေလျှံဖြစ်ပွားခြင်းများမှာ သဘာဝဘေးအစစ်များဖြစ်၍ ကြိုတင်တားဆီးကာကွယ်ခြင်း၊ ရှောင်ရှားခြင်းတို့ပြုလုပ်ရန်ခက်ခဲသည်။ မီးဘေးအန္တရာယ်မှာ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်တားဆီးနိုင်သဖြင့် လူတို့အနေဖြင့် ဆင်ခြင်သတိမူခြင်း၊ သတိပေး၍ ကြိုတင်တားဆီးကာကွယ်ခြင်း၊ ဖြစ်ပေါ်လျှင်လည်း ချက်ချင်းအရေးပေါ် အချိန်မီထိန်းသိမ်းနိုင်ခြင်းတို့ကို ပြုလုပ်ထားရမည်ဖြစ်သည်။

မီးလောင်မှုများမှာ လူဦးရေထူထပ်သော ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများတွင် ပို၍ဖြစ်ပွားတတ်ပြီး မီးလောင်လျှင်လည်း ဆုံးရှုံးမှုတန်ဖိုးကြီးမားတတ်ပေသည်။ မဖွံ့ဖြိုးမတိုးတက်သော ကာလများက ပေါ့ဆမှု၊ သတိမမူမှုတို့ကြောင့် ရပ်ရွာဒေသရှိ အိမ်ရာအဆောက်အအုံများ မီးလောင်ဆုံးရှုံးမှု အဖြစ်များခဲ့ပြီးနောက် မျက်မှောက်ကာလ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာသောအခါ မနိုင်ဝန်သုံးသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကြောင့် မီးလောင်မှု အဖြစ်များလာသည်ကိုတွေ့ရသည့်အပြင် မကျေနပ်မှုများကြောင့်ဖြစ်သည့် ရှို့မီးများပါ ဖြစ်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မိမိတို့၏ နေအိမ်၊ အဆောက်အအုံများတွင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုးများအား ဟောင်းနွမ်းဆွေးမြည့်ခြင်းရှိ၊ မရှိ၊ အသုံးပြုသော လျှပ်စစ်ပမာဏကို ဓာတ်ကြိုးနှင့်မီးခလုတ်များ ခံနိုင်ရည်ရှိ၊ မရှိ စစ်ဆေးပြီး ဝန်နှင့်အားမျှပြီး စိတ်ချကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ မီးလောင်စေတတ်သော၊ အားပေးစေတတ်သော ဆေးလိပ်မီး၊ မီးခြစ်၊ ဓာတုပစ္စည်းနှင့်အခြားပစ္စည်းများကို သတိပြုကိုင်တွယ် အသုံးပြုရန်နှင့် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးနှင့် မီးသတ်ရေတို့ကို ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မီးသည် သုံးတတ်လျှင်မိတ်ဆွေဖြစ်သလို မသုံးတတ်လျှင် အန္တရာယ်ဖြစ်စေနိုင်ရာ ယခုကဲ့သို့ မီးလောင်မှုများဖြစ်ပွားတတ်သော နွေရာသီကာလတွင် ကြိုတင်သတိထားဆင်ခြင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ထန်တလန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဟားခါး ဖေဖော်ဝါရီ ၂၆**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်တို့တွင် ထန်တလန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် Royal Shine Star Co.,Ltd. ကုမ္ပဏီလီမိတက်မှ ကုန်ကျတန်ဖိုးငွေကျပ်သန်း ၃၄၀ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တာဝန်ယူတည်ဆောက်ခဲ့သော အရှည် ပေ ၂၀၀ရှိ သံကူကွန်ကရစ်အမျိုးအစား ဇဲဖိုင်-စကျဲ့ကြား၊ လအော်ချောင်းကူးတံတား နေရာသို့ ရောက်ရှိကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က တံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထန်တလန်မြို့နယ် ဝေါင်သူးရွာအနီး အာလ်ဘိခ် တံတား(လအော်ချောင်း)သို့ ရောက်ရှိကြရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံးတို့က တံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက် ကပြကြသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ထန်တလန်မြို့နယ် ဇဲဖိုင်(က)ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ခန်းမဆောင်၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်က ဖြည့်စွက်ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇဲဖိုင်(က)ကျေးရွာရှိ ကျေးလက်ဒေသ မီးလင်းရေး စီမံကိန်းအတွက် ဆိုလာပြားများ တပ်ဆင်အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇဲဖိုင်(ခ) ကျေးရွာ စိမ့်စမ်းရေသွယ် သောက်သုံးရေပေးရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ထန်တလန်မြို့နယ် ကြောင်ထီးယားကျေးရွာရှိ ဇိုဖေနှစ်ခြင်းခရစ်ယာန်အဖွဲ့ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ညောင်တုန်းမြို့တွင် မြေယာလျော်ကြေးငွေ ပေးအပ်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးခဲ့သော တာဝ-ပါလှဲ့-ကုက္ကိုလ်ဝတာ တာမိုင် (၀/၀) မှ (၅/၀) အတွင်းနှင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ တာမိုင် (၇၈/၀) မှ (၈၂/၃) အတွင်း ဆည်မြောင်းရေကာတာမြှင့်ခြင်း၊ တာခြေထောက်ခြင်းလုပ်ငန်းများအတွက် တောင်သူများ၏ မြေယာလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ပန်းလှိုင်ရေထိန်းတံခါးရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးခိုင်က လျော်ကြေးငွေကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလျော်ကြေးငွေကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စု စွန်တနီးကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၃၈ ဦး၊ လယ်မြေ ဧက ၂၈ ဒသမ ၃၁၃၆ ဧကအတွက် တစ်ဧကလျှင် ကျပ် ၂၅ သိန်းနှုန်းဖြင့် စုစုပေါင်းလျော်ကြေးငွေ ကျပ် ၇၀၇၈၄၀၀၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးခိုင်တို့က ပေးအပ်ရာ လျော်ကြေးငွေလက်ခံရရှိသော တောင်သူများကိုယ်စား စွန်တနီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**

## အင်္ဂပူမြို့၌ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအသိပညာပေး

**အင်္ဂပူ ဖေဖော်ဝါရီ ၂၆။** ။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ထွန်းအေးက ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဥပဒေများနှင့်အညီ ဆောင်ရွက်ရေး ပြောကြားခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စက်သုံးဆီဆိုင်များအား သတ်မှတ်စည်းကမ်းချက်များကို အထူးလိုက်နာဆောင်ရွက်ရေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်(ရွှေဈေး) ၉၄၂၅၀၀ - ၉၄၂၅၀၀ မန္တလေး(ရွှေဈေး) ၉၄၂၅၀၀ - ၉၄၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၂၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၄၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၂/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၅ ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၇၁၅/၇၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၂.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၅၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၆၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၀.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၀၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

**✱ ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း လက်ရှိအခြေအနေများကိုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များအပေါ် နိုင်ငံတကာနှင့်စပ်လျဉ်းသည့် အခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ထားသည့် အမှုတွဲများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကော်မတီလုပ်ငန်းများ၊ UEHRD လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများနှင့် အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက် အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Knut Ostby နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံနှင့် အဆင့်မြင့် တင်းနစ်သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၁၈ ခုနှစ် နွေရာသီအခြေခံတင်းနစ်သင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၆ ရက်အထိ သင်တန်းကြေးအခမဲ့ဖြင့်လည်းကောင်း၊ အဆင့်မြင့်သင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ သင်တန်းကြေးတစ်ဦးလျှင် ငွေကျပ်တစ်သောင်းဖြင့်လည်းကောင်း နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ သိမ်ဖြူတင်းနစ်အားကစားကွင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းများကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူ မည်သူမဆို တစ်လက်မပတ်လည်ဓာတ်ပုံ သုံးပုံနှင့်အတူ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက် အမည်စာရင်းပေးပို့ကြရန်နှင့် သိရှိလိုသည်များကို ကွင်းတာဝန်ခံ ဖုန်း-၀၉- ၂၅၀၁၈၇၀၄၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ဂျီနီဗာမြို့တွင် အစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်ဦးညွန့်ဆွေ **(ယာပုံ)**တို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions-GANHRI)၏ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးကို ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားပြီး လက်ရှိအချိန်တွင် အဖွဲ့ဝင်အဖွဲ့အစည်းပေါင်း ၁၁၇ ဖွဲ့ရှိပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အဆိုပါအဖွဲ့ကြီးက ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် GANHRI ၏ နှစ်ပတ်လည်အစည်းအဝေးအပြင် သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏အခန်းကဏ္ဍအသိပညာဖလှယ်မှု ဆွေးနွေးပွဲသို့လည်းကောင်း၊ GANHRI နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် မသန်စွမ်းသူများ အခွင့်အရေးနှင့်အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏အခန်းကဏ္ဍ ဆွေးနွေးပွဲသို့လည်းကောင်း၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum of NHRIs-APF) အစည်းအဝေးသို့လည်းကောင်း၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum - SEANF) အဖွဲ့ဝင်များနှင့် ဂျီနီဗာမြို့ အခြေစိုက် ညှဉ်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ရေးအဖွဲ့ (Association for the Prevention of Torture) ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ အဖွဲ့အစည်းနှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည့် အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့သို့ မန္တလာဒီဂရီကောလိပ်မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Yangon Institute for University Studies မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Ayeyarwaddy International School မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ပြည်သူများ စုစုပေါင်း ၂၈၇ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၅၇၉၂ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့ အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အားကောင်းလာစေရန် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံအနေဖြင့် အကူးအပြောင်းအလွန်ကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည့် အချိန်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့သည့် Myanmar Development Effectiveness Roundtable (မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲ)တွင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(Development Assistance Coordination Unit-DACU)ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထိုစိန်ခေါ်မှုများသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် မိမိတို့၏ ကတိကဝတ်များ ခိုင်မာအားကောင်းလာစေရန် အခွင့်အလမ်းများဖြစ်လာပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရှင်သန်ရင့်ကျက်လာရေးအတွက် အခြေခံအုပ်မြစ်အဖြစ် ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ(၈)တွင် ဖော်ပြထားပါသည်)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသံအမတ်ကြီး H.E.Dorothee Janetzke-Wenzel နှင့် United Nations Resident and Humanitarian Coordinator a.i. in Myanmar, H.E.Mr.Knut Ostby တို့က မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် (Myanmar, Cambodia and Lao PDR) World Bank Regional Country Director, Ms. Ellen Goldstein တို့က မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် Local Resource Centre, Director, Daw Pansy Tun Thein၊ Marie Stopes International , Country Director, Dr . Sidney Naing၊ The Republic of the Union of Myanmar Federation of Chambers of Commerce and Industry, Joint Secretary General, Daw Khine Khine Nwe နှင့် Aust Cham Myanmar, Chief Executive Officer, Ms. Jodi Weedon တို့က ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပေးရာတွင် NGO နှင့် INGO တို့၏ ပါဝင်မှုများကို ဆွေးနွေးကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုလင်းက ကျန်းမာရေးကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေအေးလွင်က အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က Macroeconomic Management ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလွင်မာလှိုင်က အာဟာရပြည့်ဝမှု ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါ်အေးအေးလှက ပို့ဆောင်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် Myanmar Development Institute, Executive Director ဦးမင်းရဲပိုင်ဟိန်းက ဦးဆောင်၍ လုပ်ငန်းကဏ္ဍအဖွဲ့ဝင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲကို ဖွံ့ဖြိုးမှုအကူအညီမူဝါဒအရ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့၏ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရန် လိုအပ်ချက်ရှိနေသည့် ကျောင်းများကို သတ်မှတ်မှုများ ဖြေလျှော့ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရန် လိုအပ်ချက်ရှိနေသည့်ကျောင်းများကို သတ်မှတ်မှုများဖြေလျှော့၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီနှစ်ရပ်၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့မှုများအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့မှုပေါင်း ၅၀၉၉ ကျောင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလသတ်မှတ်ထားသည့် မူများနှင့်အညီ ဆောင်ရွက်ခဲ့သကဲ့သို့ ကိုယ်စားလှယ်တော်ကြီးများ တင်ပြချက်အရလည်းကောင်း၊ နယ်မြေဒေသအခြေအနေများအရ လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များ၏ သင်ယူမှု အခွင့်အလမ်း ပိုမိုရရှိရေး ခရီးအနီးအဝေးအပေါ် မူတည်ပြီး သတ်မှတ်မှုများကို ဖြေလျှော့စဉ်းစားကာ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မူလခွင့်ပြုငွေစာရင်းတွင် အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံဆောက်လုပ်ခြင်းများအတွက် PAE နှုန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အတည်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် မိမိတို့ပေးပို့ခဲ့သည့် PAE နှုန်းများကို ထပ်မံတိုးမြှင့်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြခဲ့ပါကြောင်း၊ လွှတ်တော်တွင်ရှိသည့် ပညာရေးမြှင့်တင်မှုကော်မတီ အနေဖြင့်လည်း အဆိုပါ ပေးပို့ခဲ့သည့် PAE နှုန်းများကို ထပ်မံစိစစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလအမျိုးသားပညာရေးဥပဒေနှင့် ယင်း၏ ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘပြည်သူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသား ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဖွဲ့စည်းပြီးဖြစ်သည့် ပညာရေးမြှင့်တင်မှုကော်မတီများ၏ လမ်းညွှန်ချက်များကိုလည်း ခံယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်မှာ မုံရွာစီးပွားရေးတက္ကသိုလ်တွင် အဓိပတိလမ်းကတ္တရာထပ်ပိုးလွှာလောင်းခြင်းနှင့် အဓိပတိလမ်းဘေးပလက်ဖောင်းပြုပြင်ခြင်းအတွက် ကျပ် ၁၁၈ ဒသမ ၃ သန်း၊ ကလေးတက္ကသိုလ်တွင် အဓိပတိလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းအတွက် ကျပ် ၁၇၈ ဒသမ ဝ သန်းနှင့် မကွေးတက္ကသိုလ်တွင် အဓိပတိလမ်း ကွန်ကရစ်ခင်းခြင်းအတွက် ကျပ် ၁၅၄ ဒသမ ဝ သန်း လျာထားတင်ပြရခြင်းမှာ အဆိုပါ တက္ကသိုလ်များ၏ ပင်မလမ်းများသည် မိုးရာသီအချိန်တွင် ရေများဝပ်နေပြီး သွားလာရေး အလွန်ခက်ခဲသည့်အတွက် တင်ပြလျာထားရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ကြီးဌာနအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် သာမန်အသုံးစရိတ်ရရှိမှုမှာ ငွေကျပ် ၂၆၁၄၆ ဒသမ ၅၇၄ သန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ ဆောက်လုပ်ရေးအပိုင်းပိုင် စိစစ်ရေးပူးပေါင်းအဖွဲ့ ၄ မှ ငွေကျပ် ၄၆၂၀ ဒသမ ၈၅၉ သန်း စိစစ်လျှော့ချခဲ့သဖြင့် ငွေကျပ် ၁၁၁၈ ဒသမ ၆၀၈ သန်း ခွင့်ပြုရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်ပြောင်းလဲရေးကာလ ၆ လပတ်အတွင်းတွင် ခွင့်ပြုလုပ်ငန်းများနှင့် ငွေကြေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ပူးပေါင်းကော်မတီတစ်ရပ်၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်၏ အစီရင်ခံစာတွင် ဖော်ပြထားသော လမ်းညွှန်ချက်များနှင့် သဘောထားမှတ်ချက်များအတိုင်းလိုက်နာပြီး ပြည်သူလူထုအပေါ်တွင် ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ရုံးသစ်ဖြစ်သည့် ရုံးအဆောက်အအုံ ၇၄၉၆၀ စတုရန်းပေ သုံးထပ် သံကူကွန်ကရစ်၏ လုပ်ငန်းတန်ဖိုး တောင်းခံငွေ ကျပ်သန်းပေါင်း ၂၁၇၃ ဒသမ ၈၄၀ အပေါ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ ငွေကျပ်သန်းပေါင်း ၁၄၆၇ ဒသမ ၀၇၀ ခွင့်ပြုပေးခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်တွင် ဆောက်လုပ်ဆဲစီမံကိန်းဖြစ်သည့်အတွက် ထပ်မံခွင့်ပြုရန် ငွေကျပ်သန်းပေါင်း ၇၀၆ ဒသမ ၇၇၀ အား တောင်းခံရမည် ဖြစ်သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန၏ တွက်ချက်ပေးမှုအရ မြို့ပြလုပ်ငန်းများဖြစ်သော မြေနေရာရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်း၊ ရေသန့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် ထပ်တိုးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၃၂၈ ဒသမ ၁၀၅ ထပ်မံထည့်သွင်း တောင်းခံခဲ့ခြင်း ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ရုံးသစ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ထပ်မံတောင်းခံငွေ ကျပ်သန်းပေါင်း ၃၂၈ ဒသမ ၁၀၅ သည် ထပ်တိုးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်ပါကြောင်းနှင့် အဆောက်အအုံဒီဇိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန၏ မူလဆွဲထားသော ဒီဇိုင်းအတိုင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ(နေပြည်တော်စည်ပင်သာယာရေးကော်မတီ အပါအဝင်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ရှင်းလင်းဆွေးနွေးကြသည်။


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေအစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၄/၂၀၁၈)ကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင် တင်ပို့မှုအပေါ် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း(၁၉၉၅)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၁၉၉၅ UNIDROIT ကွန်ဗင်းရှင်းသို့ ဝင်ရောက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ပိုင်ဆိုင်သောယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများအား တရားမဝင် တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လွှဲပြောင်းခြင်းတို့ကို ကာကွယ်ပေးသည့် ကွန်ဗင်းရှင်းမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်ခြင်း၊ ယူနက်စကို အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးပါက အခြားနိုင်ငံများ၌ တရားမဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား ပြန်လည်တောင်းခံလိုပါက ကွန်ဗင်းရှင်းပါ ဖော်ပြချက်များနှင့်အညီ သံတမန်နည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်း ပြန်လည်တောင်းဆိုနိုင်မည်ဖြစ်ပြီး ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်း ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အခြားတစ်နိုင်ငံသို့ ရောက်ရှိနေသော ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို တရားမဝင် တင်ပို့ရောင်းချခြင်းမှ ကာကွယ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ရန် သင့်လျော်သည့် အမျိုးသားဥပဒေ မူကြမ်းရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို ထိန်းသိမ်းရန် ပြတိုက်များ၊ စာကြည့်တိုက်များ၊ မော်ကွန်းတိုက်များ၊ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်နိုင်ရေးအတွက် အကူအညီများရရှိနိုင်မည်ဖြစ်ခြင်း၊ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်စေပြီး ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားအောင် လှုံ့ဆော်ပေးနိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက် ပျောက်ဆုံးခဲ့သော အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများသည် နိုင်ငံခြားတိုင်းပြည်များသို့ တရားမဝင် ရောက်ရှိနေသည့်အတွက် မြန်မာ့အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များအား ပြန်လည်ရရှိနိုင်ရန် အဆိုပါ ၁၉၉၅ ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ယင်းကွန်ဗင်းရှင်း မူဘောင်နှင့်အညီ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ပြန်လည်ရရှိရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခု ကွန်ဗင်းရှင်းသို့ ဝင်ရောက်ရာတွင် ထည့်ဝင်ကြေးအဖြစ် နိုင်ငံတော်မှ ပေးသွင်းရန်မလိုအပ်ဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်တောင်းခံသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကိုသာ နိုင်ငံတော်အနေဖြင့် သုံးစွဲရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယူနက်စကိုအဖွဲ့၏ ကွန်ဗင်းရှင်းတစ်ခုဖြစ်သည့် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင် တင်ပို့မှုအပေါ် UNIDROIT အပြည်အပြည်ဆိုင်ရာ ကွန်ဗင်းရှင်း(၁၉၉၅) (UNIDROIT Convention on Stolen or Illegally Exported Cultural Objects)ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး ဝင်ရောက်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ထိုင်းနိုင်ငံ ဟွာလင်းမြို့၌ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများမှ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၂၀၁၂ ခုနှစ် မတ် ၂၉ ရက်တွင် စာချုပ်အာဏာသက်ဝင်ခဲ့ပြီး ဖြစ်ပါကြောင်း။

အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်အား ၂၀၁၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် စီးပွားရေးဝန်ကြီးများမှ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ဒုတိယအခြေပြစာချုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ Adreferendum ဖြင့် လက်မှတ်ရေးထိုးခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် ASEAN Summit တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ် အာဏာသက်ဝင်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးမှ သက်ဆိုင်ရာပြည်တွင်း လုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်၍ အတည်ပြုကြောင်း အကြောင်းပြန်ကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရန် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်အား လွှတ်တော်၏ အတည်ပြုချက် ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ဝေါဟာရအသုံးအနှုန်းများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ

ဇော်ဌေး

**ခြံစည်းရိုးအပြင်ဘက်မှ နိုင်ငံရေးထောင်ချောက်**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်၌ ARSA အကြမ်းဖက်အဖွဲ့က ရဲစခန်းပေါင်း ၃၀ နှင့် တပ်မတော်တပ်ရင်း ဌာနချုပ်တစ်ခုတို့ကို ဆက်တိုက်ဆိုသလို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် အခြေအနေများ တည်ငြိမ်သွားချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးနေထိုင်သူများ အရေးကိစ္စမှာ မြန်မာနိုင်ငံအတွက် ကြီးမားလှသော စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ရသည်။

နိုင်ငံတကာမီဒီယာများ၊ နိုင်ငံတကာလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများအနေဖြင့် လူပေါင်းများစွာ ထွက်ပြေးကြခြင်းကို အကြောင်းပြုလျက် ဝေဖန်မှုများစွာ ရင်ဆိုင်ခဲ့ရသော်လည်း သက်ဆိုင်သည့် ကာယကံရှင်နိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၁၉၉၂-၁၉၉၃ ခုနှစ် သဘောတူညီချက်များကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထွက်သွားသူများ ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများ၊ ပြန်လည်နေရာချထားမည့် ကျေးရွာများ စသည်အားဖြင့် အဆင်သင့်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဆင်သင့်မဖြစ်သေးသဖြင့် ပြန်လည်စိစစ်လက်ခံမှုများ စတင်နိုင်ခြင်း မရှိခဲ့ပေ။

ဤသို့သောအချိန်ကာလတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား၊ နယ်နိမိတ်ကျောက်တိုင်အမှတ် (၃၄)နှင့် (၃၅)အကြားတွင် လူ ၆၀၀၀ ကျော် ဝင်ရောက်နေထိုင်သည့် ဖြစ်စဉ် ဖြစ်ပေါ်လာခဲ့သည်။ လူနည်းနည်းချင်းစီ အစုလိုက်ရောက်ရှိနေထိုင်ရာမှ တဖြည်းဖြည်းနှင့် ၆၀၀၀ ကျော်အထိ မြင့်မားလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပိုင်နက် နယ်နိမိတ်အတွင်း ဝင်ရောက်နေထိုင်လာကြသော အဆိုပါ လူစုလူဝေးကြီးသည် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်နေထိုင်ခြင်း မရှိဘဲ၊ မြန်မာ့နယ်စပ် ခြံစည်းရိုးအပြင်ဘက်တွင် ယာယီတဲများ ဆောက်လုပ်နေထိုင်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျပ်အတည်းတစ်ခု ဖန်တီးဖော်ဆောင်လာခြင်းဟု ဆိုနိုင်ပေသည်။

ယင်းသို့ ခြံစည်းရိုးအပြင်ဘက် မြန်မာ့ပိုင်နက်နယ်နိမိတ်တွင် ခိုးဝင်ကာ နေထိုင်လာကြသူများအနေဖြင့် မဖြစ်နိုင်သည့် တောင်းဆိုချက်များစွာကိုလည်း ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းရှိ မီဒီယာများက တစ်ဆင့် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ယင်းနေရာတွင် ခိုကပ်ကာနေရသည့် အကြောင်းရင်းကို ပြောဆိုကြရာတွင်လည်း မြန်မာနိုင်ငံဘက်ခြမ်းတွင် စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်နေသယောင်ယောင်၊ အသက်အန္တရာယ်ပင် စိုးရိမ်ရသယောင်ယောင် သတင်းမှားများကို မီဒီယာများမှတစ်ဆင့် ဖြန့်ချိလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေခြင်း၏ အကြောင်းရင်းမှာလည်း ရှင်းပါသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ခြံစည်းရိုးနှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအကြား မြန်မာပိုင်မြေတွင် လူအုပ်စုနှင့် ဝင်ရောက်နေထိုင်ခြင်းကြောင့် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများက လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လည်းကောင်း ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်လာခဲ့ပါက လူ့အခွင့်အရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဝိုင်းဝန်းပြစ်တင်ဝေဖန်ခြင်းဖြင့် နိုင်ငံရေးထောင်ချောက်တစ်ရပ် ဆင်ထားခြင်းပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ယင်းသို့ ခြံစည်းရိုးအပြင်ဘက်တွင် ယာယီတဲများဖြင့် စုပြုံနေထိုင်လျက်ရှိသည့် ယင်းတို့ကိစ္စအား ကိုင်တွယ်ဖြေရှင်းရာတွင် သတိကြီးကြီးထားရှိရန် လိုအပ်လှသဖြင့် မြေပြင်သို့ သွားရောက်ကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ရရှိသော သတင်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခြင်း မပြုကြသည့်အတွက် ခြံစည်းရိုးအနီးနား ကပ်လျက် ဝင်ရောက်နေထိုင်သူများအကြား အကြမ်းဖက်သမားများ ပါဝင်နေဖွယ်ရာရှိသည်ဟူသော ယူဆချက်များလည်း လက်ခံရရှိခဲ့သည်။ မိမိနိုင်ငံပိုင်နက် နယ်မြေအတွင်း ဤသို့ ထောင်ချောက်သဖွယ် ဝင်ရောက်နေထိုင်သူများကို ယင်းနေရာတွင်ပင် ဆက်၍နေကြရန်၊ မြန်မာနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းမှုများ လုပ်ဆောင်လာလျှင်လည်း နေရာကမခွာဘဲ ဆက်နေကြရန် အကြမ်းဖက်အဖွဲ့အစည်းဝင်များက ညွှန်ကြားနေသည့် သတင်းများလည်း ကြားသိခဲ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေးကိစ္စဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူများ ပြန်လည်စိစစ်လက်ခံရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် နယ်စပ်ခြံစည်းရိုးအကြား ဝင်ရောက်နေထိုင်ကြသူများ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြန်မာနိုင်ငံဘက်ခြမ်းရှိ တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်ရေးစခန်းတွင် ပြင်ဆင်ထားရှိမှုများကို ပြသခဲ့သည့်အပြင် ခြံစည်းရိုးအပြင်ဘက် ကပ်လျက် ဝင်ရောက်နေထိုင်ကြသူများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဘက်မှ ထောက်ပြသည်မှာ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ခြံစည်းရိုးအကြား

> **ARSA အကြမ်းဖက်သမားများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းကို အသုံးချ၍ အကြမ်းဖက်သမားများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာ Safe House အဖြစ် တည်ဆောက်လာမည့် အန္တရာယ်သည် နှစ်နိုင်ငံစလုံးအတွက် အမျိုးသားလုံခြုံရေး ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်ပေသည်။ ဤသည်ကို နှစ်နိုင်ငံစလုံးက သတိမူခြင်းဖြင့် အကြမ်းဖက်သမား၏ ခိုလှုံရာဂူကို တွေ့မြင်နိုင်ပေမည်။**

အဆောက်အအုံ မဆောက်လုပ်ရ တားမြစ်ဇုန် (Non-Construction Zone) အတွင်း ဝင်ရောက်နေထိုင်ခြင်းသည် နှစ်နိုင်ငံသဘောတူညီချက်များအရ လက်ခံ၍ မရကြောင်း၊ ယင်းတို့ ကာလရှည်ကြာ နေထိုင်ရေးအတွက် ထောက်ပံ့ကူညီမှုများ ဘင်္ဂလားဒေ့ရှ်ဘက်ရှိ နိုင်ငံတကာအဖွဲ့အစည်းအချို့က ပြုလုပ်နေခြင်းကြောင့် ထိန်းသိမ်းရန် ခက်ခဲသော အခြေအနေကို ဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ ထောက်ပံ့နေခြင်းကို တားမြစ်ပေးစေလိုကြောင်း၊ ယင်းသို့ ဝင်ရောက်နေထိုင်သူများအကြား ARSA အကြမ်းဖက်သမားများ ရောနှောပါဝင်နေဖွယ်ရာရှိသည့်အတွက် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် အထူးစိုးရိမ်စရာကောင်းသော အနေအထားသို့ ရောက်ရှိစေနိုင်ကြောင်းပင်ဖြစ်သည်။ ယင်းသို့ နှစ်နိုင်ငံ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံပြီးနောက် အဆိုပါနေရာသို့ ဝင်ရောက်နေထိုင်သူများမှ အများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကူတူပါလောင်ကျေးရွာနှင့် ဘာလူခါလီကျေးရွာများရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်နေထိုင်မှုများ ဆောင်ရွက်လာခဲ့ကြသည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ညနေပိုင်းအထိ ကြားသိရသော သတင်းများအရ ခြံစည်းရိုးဘေး၌ တဲထိုးနေထိုင်သူ အရေအတွက် ၁၀၀၀ ကျော်သာ ကျန်ရှိတော့ကြောင်း သိရှိရသည်။ ဤသည်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းစရှာခြင်းများ၏ အကျိုးတရားဟု ဆိုနိုင်သည်။ ARSA အကြမ်းဖက်သမားများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းကို အသုံးချ၍ အကြမ်းဖက်သမားများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာ Safe House အဖြစ် တည်ဆောက်လာမည့် အန္တရာယ်သည် နှစ်နိုင်ငံစလုံးအတွက် အမျိုးသားလုံခြုံရေး ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပေသည်။ ဤသည်ကို နှစ်နိုင်ငံစလုံးက သတိမူခြင်းဖြင့် အကြမ်းဖက်သမား၏ ခိုလှုံရာဂူကို တွေ့မြင်နိုင်ပေမည်။

ဤနေရာတွင် အလျဉ်းသင့်ခိုက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အများပြည်သူသာမက အစိုးရတာဝန်ရှိသူများပါ သတိပြုသင့်သည့် ဝေါဟာရ အသုံးအနှုန်းများကို အလေးပေး၍ ရှင်းလင်းလိုသည်။ နှစ်နိုင်ငံအကြား နယ်နိမိတ်အရှည် စုစုပေါင်း ၁၆၉ မိုင်၊ ကုန်းနယ်နိမိတ်အရှည် ၁၂၉ ဒသမ ၂ မိုင်၊ နယ်နိမိတ်မှတ်တိုင် ၅၃ တိုင် (ကုန်းနယ်နိမိတ်)၊ နယ်နိမိတ် ရည်ညွှန်းမှတ်တိုင် တိုင် ၆၀ (ကုန်းနယ်နိမိတ်)၊ နတ်မြစ်နယ်နိမိတ်အရှည် ၃၉ ဒသမ ၈ မိုင်၊ မြန်မာဘက်ကမ်းရှိ နယ်နိမိတ် ရည်ညွှန်းမှတ်တိုင် ၁၆ တိုင် (နတ်မြစ်နယ်နိမိတ်)၊ ဘင်္ဂလားဒေ့ရှ်ဘက်ကမ်းရှိ နယ်နိမိတ်ရည်ညွှန်း ၂၁ တိုင် (နတ်မြစ်နယ်နိမိတ်) ဖြစ်ပေသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တွင် နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်း ၃၉ ဒသမ ၈ မိုင်နှင့် ကုန်းပိုင်းနယ်နိမိတ် အစိတ်အပိုင်း ၁၂၉ ဒသမ ၂ မိုင် ပါဝင်သည်။

**နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်း**

နတ်မြစ်၏ အဓိကရေနက်စီးကြောင်း Deep Water Channel အလိုက် ပုံသေနယ်နိမိတ် သတ်မှတ်သည့် အခြေပြုစာချုပ် (Protocol) ကို ၂၈-၄-၁၉၆၆ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ နယ်နိမိတ်စာချုပ်ကို ၉-၅-၁၉၆၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း နတ်မြစ်နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်များကို ပူးတွဲစစ်ဆေးခြင်း ပြုလုပ်ခဲ့ပြီး ၁၇-၁၂-၁၉၈၀ ရက်နေ့တွင် နတ်မြစ်ဖြည့်စွက်အခြေပြုစာချုပ် (Supplementary Protocol) ကို ချုပ်ဆိုခဲ့သည်။ နတ်မြစ်နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်များအား ဒုတိယအကြိမ် ပူးတွဲစစ်ဆေးခြင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဆောင်ရွက်ခဲ့ပြီး နတ်မြစ် ဖြည့်စွက်အခြေပြုစာချုပ် မူကြမ်းကို နှစ်ဖက်ပူးတွဲပြုစုခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် နှစ်ဖက်ကွင်းဆင်းဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများက လက်မှတ်တိုရေးထိုးခဲ့သည်။ အဆိုပါ လက်မှတ်တိုရေးထိုးပြီးသည့် စာချုပ်မူကြမ်းကို နှစ်ဖက်အပြီးသတ် အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ၂၈-၁-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခဲ့ရာ အတည်ပြုချက်ရရှိခဲ့သည်။ အဆိုပါ နတ်မြစ်ဖြည့်စွက်အခြေပြုစာချုပ်ကို ဘင်္ဂလားဒေ့ရှ်ဘက်နှင့် ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဤနေရာတွင် မေးစရာရှိလာသည်မှာ နတ်မြစ်၏ အဓိကရေနက်စီးကြောင်း (Deep Water Channel) မှာ နှစ်ကာလ ရွေ့လျောလာသည့်အချိန်တွင် ပြောင်းလဲမှုများ ရှိနေမည်ဖြစ်၍ ရေစီးကြောင်းများ ပြောင်းလဲသွားပြီးနောက် နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်းကို မည်သို့ သတ်မှတ်မည်နည်းဟူ၍ ဖြစ်သည်။ အဓိက ရေနက်စီးကြောင်း အပြောင်းအလဲများရှိနေမည် ဖြစ်သော်လည်း ၁၉၆၆ ခုနှစ်က တည်ရှိခဲ့သော အဓိက ရေနက်စီးကြောင်း တည်ရှိရာမျဉ်းကိုပင် မပြောင်းလဲစေရန် နှစ်ဖက်စလုံး၌ ရည်ညွှန်းမှတ်တိုင်များ ထားရှိသည့်နည်းတူ လတ္တီကျူ၊ လောင်ဂျီကျူ မှတ်တမ်းများ၊ ဂြိုဟ်တုဓာတ်ပုံ အထောက်အထားများ၊ Geographic Information System-GIS မှတ်တမ်းများဖြင့် မှတ်တမ်းများ ထားရှိလေ့ရှိပေသည်။

**ကုန်းပိုင်းနယ်နိမိတ်အစိတ်အပိုင်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်းပိုင်းနယ်နိမိတ် သတ်မှတ်ရေးသဘောတူညီချက်ကို ၂၃-၅-၁၉၇၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်နှင့်အညီ နယ်နိမိတ်တိုင်းတာသတ်မှတ်မှုများကို ၁၉၇၉ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ကုန်းပိုင်းနယ်နိမိတ်များကို သတ်မှတ်ရာတွင် အဓိက ရေဝေကြောတစ်လျှောက် တိုင်းတာ၍ သတ်မှတ်ခဲ့ခြင်းလည်း ဖြစ်သည်။ ၁း၅၀၀၀ စကေးကြီး၊ တောင်ပြိုဒေသ၊ မြေပုံတစ်ချပ်ကို ၁၉၈၁ ခုနှစ် စက်တင်ဘာလတွင် လည်းကောင်း၊ ၁း၅၀၀၀၀ စကေး မြေပုံ ခြောက်ချပ်ကို ၁၂-၈-၁၉၈၅ ရက်နေ့တွင် လည်းကောင်း နှစ်နိုင်ငံအစိုးရတို့၏ အာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့သည်။ နယ်နိမိတ် ပူးတွဲစစ်ဆေးရေးနှင့် နယ်နိမိတ်မျဉ်းကို ပိုမိုထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် နယ်နိမိတ်ရည်ညွှန်းမှတ်တိုင်များ ပူးတွဲစိုက်ထူခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်းပိုင်းနယ်နိမိတ်သဘောတူစာချုပ်ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်ဆုံးအနေဖြင့် နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးပြုပြင်ခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ဆောင်ရွက်ခဲ့ပြီး မှတ်တိုင် ၂၀ တိုင်ကို ပြုပြင်ခဲ့သည်။ နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ် အတည်ပြုစာချွန်လွှာအား ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် လဲလှယ်အတည်ပြုခဲ့သည်။

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်နှင့်ပတ်သက်၍ သဘောတူညီချက်များ**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်နှင့်ပတ်သက်၍ အောက်ပါအဓိကကန့်သတ်သဘောတူညီချက်များကို နှစ်နိုင်ငံ သဘောတူညီထားသည်-

**(၁၂-၁၁-၁၉၉၈) မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ် နတ်မြစ်မြောက်ပိုင်း ကုန်းပိုင်းနယ်နိမိတ်စာချုပ် (Treaty) အပိုင်း(၄) အပိုဒ်(၁၄)တွင် နယ်နိမိတ်မျဉ်းမှ ပေ(၁၅၀) (မီတာ၅၀ခန့်)အတွင်း အဆောက်အအုံ မဆောက်လုပ်ရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-**

**"In order to make the boundary line easily identifiable and prevent the emergence of boundary-line-intersected villages, neither High Contracting Party shall allow to build new houses of other structures of permanent of temporary nature, within a zone of 150 feet on each side of the boundary line."**

**(၁၉-၁၂-၁၉၈၀) မြန်မာ-ဘင်္ဂလားဒေ့ရှ်အစိုးရတို့ ချုပ်ဆိုသည့် နယ်ခြား အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အပိုင်း(၂) အပိုဒ် (၁၆) တွင် နှစ်နိုင်ငံနယ်ခြား အာဏာပိုင်များသည် အစိုးရဝန်ထမ်းများမှအပ လက်နက်ကိုင်အရပ်သားများကို အနံကိုက် ၁၀၀၀ ရှိသော နယ်ခြားအတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးပိတ်ပင်ရမည်။ ဆိုလိုသည်မှာ နယ်ခြား၏ တစ်ဖက်တစ်ချက်ကိုက် ၅၀၀ စီကို ဆိုလိုသည်။**

**Border Authorities on either side shall prevent armed civilians, excluding officials, from entering the 1000 yards stretch of the border, i.e. 500 yards on either side of the border.**

**အဆောက်အအုံ မဆောက်လုပ်ရတားမြစ်ဇုန် (Non - Construction Zone)**

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ထားရှိရာတွင် နှစ်နိုင်ငံ

**စာမျက်နှာ ၁၁ သို့ ❖**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ရဲဝံ့စွာပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

မောင်ငြိမ်းချမ်း(ကော်မရှင်)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသည့် "၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း"အပေါ် ဝေဖန်ဆွေးနွေးရေးသား ပြောဆိုမှုမျိုးစုံကို ယခုရက်ပိုင်းအတွင်း ဖတ်ရှုကြားသိရသဖြင့် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာရပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ "နိုင်ငံ့စီးပွား တိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း" ဆောင်းပါးအပါအဝင် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များ၊ ပြည်တွင်းပြည်ပအသံလွှင့်ဌာနများတွင် သဘောထားအမြင်အမျိုးမျိုးဖြင့် ဝေဖန်ဆွေးနွေးရေးသားပြောဆိုကြသည်မှာ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံးနှင့်သက်ဆိုင်သော ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်ထောင်စုသား၊ နိုင်ငံသားများ စိတ်ပါဝင်စားကြသည်မှာ ကောင်းမွန်သော အလေ့အထတစ်ရပ်ဖြစ်ပြီး ကြိုဆိုရမည်ဖြစ်ပါသည်။ ယခုဥပဒေကြမ်းအပေါ်တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုပြီး ဝေဖန်ဆွေးနွေးရေးသား ပြောဆိုကြသည်ဟု သုံးသပ်ရပါသည်။ ရှုထောင့်အမြင်မျိုးစုံဖြစ်ပေါ်နေသည်မှာလည်း သဘာဝကျပါသည်။ ပွင့်လင်းမြင်သာစွာ ရေးသားပြောဆိုကြသည်မှာ ကောင်းပါသည်။ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြမှုများသည် အလေးထားသင့်ပြီး ၎င်းအလေ့အထများ ဆက်လက်၍ရှင်သန်အားကောင်းမည်ဟု ယုံကြည်ပါသည်။ မတူညီသောသဘောထားအမြင်၊ အယူအဆများကို ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

> "ယခုဥပဒေကြမ်းအပေါ် ပြည်သူများ၏ ဝေဖန်ထောက်ပြ အကြံပြုချက်များကို အစိုးရအဖွဲ့နှင့် လွှတ်တော်က အလေးထား နားထောင်ရန် လိုအပ်ပါသည်။ ဥပဒေကြမ်းအဆင့်မှ လွှတ်တော်က ဆွေးနွေး အတည်ပြုပြီးနောက် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးပြီဆိုလျှင် ယင်းဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကို စီမံခန့်ခွဲသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဥပဒေနှင့်အညီ အသေးစိတ် စိစစ်ဆောင်ရွက်ရန် လိုအပ်ပါသည်"

ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ နိုင်ငံတည်ဆောက်ရေး အတွက် ရသင့်ရထိုက်သောအခွန်အကောက်များရရှိအောင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရဲဝံ့ပြတ်သားသည့် ဆောင်ရွက်ချက်တစ်ရပ်ဟု ထင်မြင်မိပါသည်။ ယခုဥပဒေကြမ်းကိုလေ့လာကြည့်လျှင် အစိုးရအဖွဲ့၏စေတနာကို ပေါ်လွင်စွာ တွေ့မြင်နိုင်ပါသည်။ ယခုဥပဒေကြမ်းအပေါ် ပြည်သူများ၏ ဝေဖန်ထောက်ပြ အကြံပြုချက်များကို အစိုးရအဖွဲ့နှင့်လွှတ်တော်က အလေးထားနားထောင်ရန် လိုအပ်ပါသည်။ ဥပဒေကြမ်းအဆင့်မှ လွှတ်တော်က ဆွေးနွေးအတည်ပြုပြီး နောက် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးပြီဆိုလျှင် ယင်းဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကိုစီမံခန့်ခွဲသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဥပဒေနှင့်အညီ အသေးစိတ်စိစစ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ယခုဥပဒေကြမ်းတွင် **"အခွန်လွတ်ငြိမ်းချမ်းသာခွင့်"**ကို ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ အခွန်လွတ်ငြိမ်းချမ်းသာခွင့်အား သီးခြားဥပဒေတစ်ရပ် ရေးဆွဲတင်သွင်းပြဌာန်းလျှင် အချိန်ကာလကြာမြင့်နိုင်သောကြောင့် "၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း"တွင် ထည့်သွင်းခြင်းဖြင့် ဥပဒေ၏အကျိုးသက်ရောက်မှုကို မကြာမီကာလအတွင်း ရရှိစေရန် ရည်ရွယ်သည်ဟု ယူဆရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ခြင်း မပြုခဲ့သူများရှိကြပါသည်။ ထိုသူတို့သည် "အခွန်လွတ်ငြိမ်းသက်သာခွင့်" ကြောင့် သတ်မှတ်သည့်အခွန်နှုန်းထားဖြင့် သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ပေးဆောင်နိုင်သည့်အခွင့်အလမ်းကို ရရှိကြမည်ဖြစ်ပါသည်။ ထိုသို့ ပေးဆောင်ခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းကင်းဖြင့် ဈေးကွက်စီးပွားရေးတွင် လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ရသင့်ရထိုက်သည့် အခွန်အကောက်များရရှိသဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လိုအပ်ချက်များကို အစိုးရကပိုမိုပြီး ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

"အခွန်လွတ်ငြိမ်းချမ်းသာခွင့်"သည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် ငြိမ်သက်နေသောငွေကြေးများကို စီးပွားရေးနယ်ပယ်အတွင်း ဝင်ရောက်လည်ပတ်နိုင်စေရန် ဖြစ်ပါသည်။ စာရင်းမဝင်သည့် ငွေသားနှင့် ပိုင်ဆိုင်မှုများသည် စနစ်တကျစာရင်းသွင်းပြီး ထိုက်သင့်သည့် အခွန်ပေးဆောင်လာမည် ဖြစ်ပါသည်။ အရင်းအနှီးများ စီးဝင်လာခြင်းဖြင့် ငွေချေးစာချုပ်နှင့် အရင်းအနှီးဈေးကွက် (Bond Market, Capital Market)များ အသက်ဝင်လာမည်ဖြစ်ပြီး အရင်းအနှီးလိုအပ်သော ရင်းနှီးမြှုပ်နှံလိုသူများကို ချေးငှားနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားမှုတို့ အပေါ် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ဥပမာတစ်ခုအနေဖြင့် ငွေကြေးစီးဆင်းမှု ပမာဏကြီးမားသော အိမ်ခြံမြေဈေးကွက်သည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ အတန်ငယ်အေးနေပါသည်။ ယင်းဈေးကွက်သည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ချေးငွေရယူထားသည့်ဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်း မြောက်မြားစွာ ဖန်တီးပေးနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများ၊ အစားအသောက်ရောင်းချသည့်ဈေးသည်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဒွန်တွဲဆက်စပ်လျက်ရှိရာ အတန်ငယ်အေးနေသော စီးပွားရေးဈေးကွက်တစ်ခုကို လှုပ်နှိုးလိုက်သည်နှင့် ဆက်စပ်လျက်ရှိသည့် နယ်ပယ်ကဏ္ဍအားလုံးတွင် ကောင်းမွန်သော အကျိုးရလဒ်များစွာ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

ယခုဥပဒေကြမ်းကို သက်ဆိုင်ရာက ဘက်စုံထောင့်စုံမှ အချိန်ယူစဉ်းစားသုံးသပ်ပြီး လွှတ်တော်သို့တင်သွင်းသည်ဟု သုံးသပ်ရပါသည်။ ပြီးပြည့်စုံသည့် ဥပဒေကြမ်းဟူသည်မရှိနိုင်ပါ။ အဓိကမျက်နှာမူရမည်မှာ ပြည်သူ့မျက်နှာ၊ တိုင်းပြည်၏မျက်နှာဖြစ်ပါသည်။ ဥပဒေကြမ်း၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်မည်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အမှန်တကယ်ဖြစ်ထွန်းမည်ဆိုလျှင် ပြဌာန်းကျင့်သုံးရမည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းတွင် ဥပဒေနှင့်အညီ ဝေဖန်ထောက်ပြအကြံပြုနိုင်သည့် အခွင့်အရေးရှိပါသည်။ ဆုံးဖြတ်အတည်ပြုပြဌာန်းရမှာက ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်ဖြစ်ပါသည်။ ဥပဒေကြမ်းကို တင်သွင်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်းကောင်း၊ ဆွေးနွေးဆုံးဖြတ် အတည်ပြုပြဌာန်းပေးမည့် လွှတ်တော်သည်လည်းကောင်း ယခုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တာဝန်ယူ၊ တာဝန်ခံရပေမည်။ ထိုသို့တာဝန်ယူ၊ တာဝန်ခံနိုင်အောင်လည်း ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်တို့ကို အလေးထားစဉ်းစားသုံးသပ်နေသည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုပြီး ရဲဝံ့စွာ ပြုပြင်ပြောင်းမှုတစ်ရပ်ဖြစ်သော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို ကြိုဆိုလိုက်ရပေသည်။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြေးမုံ၊ မြန်မာ့အလင်း၊ သတင်းဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ၌ ဖြစ်ပျက်နေသည့်အကြောင်းအရာများကို ကမ္ဘာကသိရှိနိုင်ရန် နိုင်ငံပိုင်သတင်းမီဒီယာများတွင် တာဝန်ရှိကြောင်းနှင့် နိုင်ငံပိုင်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်ကိစ္စရပ်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ကျင်းပသည့် နေပြည်တော်ရှိ နိုင်ငံပိုင်သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

မိမိတို့သတင်းစာများ၏ ဖော်ပြချက်များနှင့် အခြားသော ပြင်ပမီဒီယာများ၏ ဖော်ပြချက်များကို နှိုင်းယှဉ်ပါက သတင်းတန်ဖိုး၊ သတင်းတင်ဆက်ပုံအပါအဝင် နောက်ဆက်တွဲ သတင်းဖော်ပြမှုများမှာလည်း အားနည်းချက်များ ရှိနေသေးသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းအချက်များကို အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရန် လိုကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဌာနအလိုက်ဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သတင်းစာလုပ်ငန်းသည် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရခြင်းဖြစ်သောကြောင့် အင်တာနက်လိုင်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်မူ အခြေခံအဆောက်အအုံများအပြင် လူ့စွမ်းအားအရင်းအမြစ်သည်လည်း အရေးကြီးကြောင်းနှင့် ဝန်ထမ်းမိသားစုများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် လိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံပိုင်သတင်းစာများ၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုများနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲသင့်သည်များကို ပြောင်းလဲသွားရန်ရှိကြောင်း ပြောကြားခဲ့ပြီး ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်း သတင်းစာတိုက်တို့ရှိ သတင်းခန်းများကို လိုက်လံကြည့်ရှုသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း၊ ပြည်ပ)၊ သတင်းဌာနနှင့် နေပြည်တော်သတင်းစာတိုက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **နိုင်လင်းကြည်**



# မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် အပြုသဘောဆောင်သော တီထွင်ဖန်တီးမှုနည်းလမ်းတွေမျှဝေဖို့ အခွင့်အလမ်းတွေ ရရှိခဲ့

**Myanmar Development Effectiveness Roundtable(မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲ)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အမှာစကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုဆိုင်ရာထိရောက်မှုနဲ့ပတ်သက်လို့ ပထမဦးဆုံး ကျင်းပတဲ့ ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့သူအားလုံးကို နွေးထွေး လှိုက်လှဲစွာကြို ဆိုပါတယ်။

အခုလို နေပြည်တော်ကို ဖိတ်ခေါ်ပြီးပြန်တွေ့ဆုံရတဲ့အတွက် ကျွန်မ အနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ကို ပထမဆုံးအကြိမ် ဖွဲ့စည်း ပြီးနောက် သိပ်မကြာခင်ကာလ ၂၀၁၆ ခုနှစ်အနှောင်းပိုင်း လောက်မှာ ကျွန်မတို့ ပထမဆုံးတွေ့ဆုံဆွေးနွေးခဲ့တာကို မှတ်မိပါသေးတယ်။ မြန်မာ နိုင်ငံအစိုးရအနေနဲ့ဆွေးနွေးပွဲကို ဒီနှစ်အစောပိုင်းမှာကျင်းပရတဲ့ ရည်ရွယ် ချက်ကတော့ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် တူညီတဲ့ အနာဂတ် ရည်မှန်းချက်တွေနဲ့ ၂၀၁၈ ခုနှစ်ကိုကြိုဆိုပြီး ဖွံ့ဖြိုးမှုအကူအညီတွေကနေ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်လာတဲ့အထိ ကျွန်မတို့အတူ တကွ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ ဆွေးနွေးနိုင်မယ့် အခွင့်အလမ်း တစ်ခုဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ဒီလိုကျင်းပရတာဖြစ်ပါတယ်။

နိုင်ငံတကာအသိုက်အဝန်းရဲ့ ပံ့ပိုးကူညီမှုဟာ အရေးပါတဲ့အခန်း ကနေ ရှိနေနိုင်ပြီး အတားအဆီးအခက်အခဲတွေရှိနေတဲ့ကြားက ပြုပြင် ပြောင်းလဲရေးသမားတွေကို ရှေ့တိုးနိုင်အောင် တွန်းအားပေးတဲ့အပြင် ဆယ်စုနှစ်များစွာကြာအောင် တိုးတက်မှုဆိတ်သုဉ်းနေတဲ့ ကျွန်မတို့ရဲ့ အင်စတီ ကျူးရှင်းအချို့ကိုပါ ပြန်လည်အသက်ဝင်လာစေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်ထက်ပိုပြီး အခုလိုအပ်နေတာကတော့ နိုင်ငံတကာ အသိုင်းအဝိုင်းတွေ ဆီက အကူအညီများပဲဖြစ်ပါတယ်။ ယခုလိုကူညီပံ့ပိုးတဲ့ နိုင်ငံတကာအသိုင်း အဝိုင်းကို မြန်မာနိုင်ငံအနေနဲ့ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ စိန်ခေါ်မှု များလာလေ အဲဒီစိန်ခေါ်မှုတွေကို ထိုအခြေအနေမျိုးမှာ နိုင်ငံတကာအသိုင်း အဝိုင်းကမိတ်ဆွေတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်ပြီးလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

ယနေ့ကျင်းပတဲ့ဆွေးနွေးပွဲက တင်ပြမှုတွေဟာ ဖွံ့ဖြိုးတဲ့နိုင်ငံများ မလွဲမသွေရင်ဆိုင်နေရတဲ့ အခက်အခဲအတားအဆီးတွေကို ကျွန်မတို့အားလုံး ကျော်လွှားနိုင်ဖို့ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အပြင် ပြည်တွင်း ပြည်ပမှာရှိတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းက ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲ့ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ မရှိမဖြစ်လိုအပ်တဲ့ ပြည်တွင်း၊ ပြည်ပမှအစိုးရမဟုတ်သောအဖွဲ့အစည်းများပါ တက်ရောက် တာကို တွေ့ရတဲ့အတွက် များစွာဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့အစည်းအဝေးမှာ ကျွန်မတို့လက်ရှိ ကြုံတွေ့နေရတဲ့ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများနဲ့ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခွင့်ရကြတဲ့အတွက် ဆွေးနွေးပွဲတက်ရောက်သူများအနေနဲ့ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုမယ့် အပြု သဘောဆောင်သော တီထွင်ဖန်တီးမှုနည်းလမ်းတွေ မျှဝေဖို့ အခွင့်အလမ်း တွေရရှိခဲ့ကြပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံအနေနဲ့ အကူးအပြောင်းအလွန်ကာလမှာ အကြီးမားဆုံး စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရတဲ့အချိန်ပဲဖြစ်ပါတယ်။ အဲဒီ စိန်ခေါ်မှုတွေဟာ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် ကျွန်မတို့ရဲ့ကတိ ကဝတ်တွေ ခိုင်မာအားကောင်းလာစေမယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်လာပြီး မြန်မာနိုင်ငံရဲ့ဒီမိုကရေစီ ရှင်သန်ရင့်ကျက်လာရေးအတွက် အခြေခံအုပ်မြစ် အဖြစ် ဖော်ဆောင်ပေးမှာဖြစ်ပါတယ်။

အားလုံးသိရှိကြတဲ့အတိုင်း မကြာသေးမီကာလက တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မှာ အဖွဲ့(၂)ဖွဲ့ ပါဝင်လက်မှတ် ရေးထိုးနိုင်ခဲ့တာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြခြင်းနှင့်အတူ မကြာခင် မှာ ပင်လုံညီလာခံ ကျင်းပနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း အားလုံးပါဝင်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တည်ငြိမ်မှုနဲ့ သဟဇာတ ဖြစ်မှု ဖော်ဆောင်ပေးရေးအတွက် နိုင်ငံတောအစိုးရရဲ့ ကတိကဝတ်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ ရခိုင်ပြည်နယ် ဆိုင်ရာအကြံပေးအဖွဲ့နဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူ အညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)တို့ကိုဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးဟာ ကျွန်မတို့နိုင်ငံရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော်လည်း ယခု အစည်းအဝေးကျင်းပတဲ့ရည်ရွယ်ချက်ကတော့ ကဏ္ဍတစ်ခု၊ကိစ္စတစ်ခု သို့မဟုတ် နေရာဒေသတစ်ခုတည်းအပေါ်မှာ လွန်လွန်ကဲကဲ အလေးထား တာမျိုးမဟုတ်ဘဲ ဘယ်ငွေကြေးအရင်းမြစ်ကိုမှ ထိခိုက်မှုမရှိတဲ့ လာမည့်နှစ် တွေမှာ ကိုင်တွယ်ဖြေရှင်းရမယ့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုနှင့်

> “မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု များကို ကျော်ဖြတ်လွန်မြောက်ဖို့ စိတ်အားထက်သန်ပါတယ်၊ နောက်တစ်နေ့မှာရင်ဆိုင်ရမယ့် အခက်အခဲများကိုလည်း ကြိုဆိုလက်ခံပြီး ရင်ဆိုင်ကျော်ဖြတ်သွားမှာဖြစ်ပါတယ်၊ ဒီလို လုပ်ဆောင်ရာမှာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ အားလုံးဟာ ကျွန်မတို့အနားမှာ နီးနီးကပ်ကပ်ရှိနေကြမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားရာမှာ ကျွန်မတို့ရဲ့ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ဘဏ္ဍာရေးအရင်းအမြစ်နဲ့ နည်းပညာအကူအညီအတွက်သာမက တစ်ခါတစ်ရံမှာ ကျွန်မတို့ကို အားပေးလှုံ့ဆော်ပေးကြဖို့ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့များအားလုံးကို ကျွန်မတို့ အားကိုးလိုပါတယ်”

အခွင့်အလမ်းများနဲ့ပတ်သက်သော ကျယ်ပြန့်နက်ရှိုင်းပြီး မဟာဗျူဟာကျတဲ့ ဆွေးနွေးပွဲတစ်ရပ် ဖော်ဆောင်ဖို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာရဲ့ဖွံ့ဖြိုးမှုအကူအညီတွေ ရရှိနေချိန်မှာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဖြစ်တဲ့ မိမိတို့အနေနဲ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မယ်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပြီး အားအထားရဆုံးဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ သိရှိထားရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးအခင်းအကျင်းကို ကျွန်မတို့ ပြောင်းလဲရမှာဖြစ်ပါတယ်။ ထိုသို့ပြောင်းလဲရာမှာ တာဝန်သိ ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို အရင်းအနှီးရော စွမ်းဆောင်ရည်အရပါ ကြိုဆိုရမှာဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဟာ နိုင်ငံတကာမှာပြောင်းလဲ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေကို သိရှိထားတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံအနေနဲ့ ဒီဆန်းသစ်လာတဲ့ ကမ္ဘာကြီးဆီက အကျိုးကျေးဇူးတွေခံစားနိုင်အောင် ကျွန်မတို့ လုပ်ဆောင်နိုင်မလဲဆိုတာ ဆန်းစစ်လေ့လာနေပါကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါတယ်။

မိမိတို့အနေနဲ့အချိန်နှောင်းမှ ရောက်လာသူများရဲ့ အားသာချက်တွေ၊ ကောင်းကျိုးတွေကိုလည်း အထူးတလည်သိရှိထားသလို အခြားသူတွေရင်ဆိုင် နေရတဲ့ အဟန့်အတားတွေ၊ စိန်ခေါ်မှုတွေကိုလည်း ဖြစ်နိုင်မယ်ဆိုရင် ကျော်လွှားလို၊ ရှောင်ရှားလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

ဒီနေ့ဆွေးနွေးပွဲမှာမတူညီတဲ့ကိစ္စရပ်တွေကို စုစည်းဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်၊ အစီအစဉ်မှာထည့်သွင်းဖော်ပြထားတဲ့အတိုင်း DACU အနေနဲ့ ရေရှည်၊ မဟာဗျူဟာကျကျ၊ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)ကို ဖွဲ့စည်းခဲ့တဲ့အချိန် ကတည်းက မိမိတို့ ပြည်သူများရဲ့အကျိုးကို ရည်ရွယ်ပြီး ဖွံ့ဖြိုးမှုအကူညီတွေကို ရယူသုံးစွဲရာမှာ ရေရှည်တည်တံ့ရေးအတွက် နည်းစနစ်တကျဆောင်ရွက်ဖို့ ရည်မှန်းချက်တွေကို ရှင်းရှင်းလင်းလင်းသတ်မှတ်ထားပြီး ဖြစ်ပါတယ်၊ DACU အဖွဲ့ဝင်များဟာ မိမိနဲ့ ကြိမ်ဖန်များစွာတွေ့ဆုံ ဆွေးနွေးပြီးဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကိုတင်ပြခဲ့ပါတယ်။

DACU ရဲ့ ဥက္ကဋ္ဌအနေနဲ့ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒရေးဆွဲခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးလုပ်ငန်းများသတ်မှတ်ခြင်း၊ ကဏ္ဍအလိုက် နှင့် ဦးတည်ချက်အလိုက် လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း၊ လုပ်ငန်း စီမံကိန်းများအား သုံးသပ်အကဲဖြတ်ရေး စနစ်ထူထောင်ခြင်း၊ အကောင်အထည် ဖော်ရာတွင် ကြုံတွေ့ရတဲ့ အဓိကအခက်အခဲများအား ဖြေရှင်းခြင်းဆိုတဲ့ လုပ်ငန်းစဉ်(၅)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အခြေအနေတွေကို အသိပေးလိုပါတယ်။

မိမိတို့ရဲ့ ဦးစားပေးလုပ်ငန်းတွေကို ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP)မှာ ထည့်သွင်းဖော်ပြထားပါတယ်၊ အဲဒီ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူ ဝါဒကို ဒီကနေ့တရားဝင် မိတ်ဆက်သွားမှာဖြစ်ပြီး၊ အဆိုပါမူဝါဒဟာ မြန်မာနိုင်ငံ အတွက် ပထမဆုံးထုတ်ပြန်တဲ့ မူဝါဒဖြစ်ပါတယ်၊ မိမိတို့ ပြည်သူလူထု ကောင်းကျိုးအတွက် ဖွံ့ဖြိုးမှုအကူအညီတွေကို အကျိုးရှိထိရောက်ပြီး ပွင့်လင်း မြင်သာစွာ အသုံးပြုနိုင်ရေးအတွက် ပြီးပြည့်စုံတဲ့ မူဝါဒလမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းရေးဆွဲထားပါတယ်။

DAP ကိုရေးဆွဲရာမှာ ဒီဖွံ့ဖြိုးမှုအကူအညီကိုသင့်လျော်တဲ့ စောင့်ကြည့် စစ်ဆေးအကဲဖြတ်မှုလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို မချန်လှပ်ခဲ့ဘဲ ထိရောက်တဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်စေဖို့ DACU ကိုတောင်းဆိုခဲ့ပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေအနေနဲ့ သူတို့ရရှိတဲ့ အကူအညီတွေကို မိမိတို့ပိုင်အဖြစ် ပိုမိုစီမံခန့်ခွဲနိုင်အောင် တာဝန်ပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ဒီ DAP ကိုရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

မိမိအနေနဲ့ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒရေးဆွဲထုတ်ပြန်နိုင်ခဲ့ တာကို အထူးပင် ကျေနပ်မိပါတယ်၊ ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအနေနဲ့လည်း ထုတ်ပြန်ထားတဲ့မူဝါဒအတိုင်း လိုက်နာ ဆောင်ရွက်ကြဖို့ ကျွန်မအနေနဲ့တိုက်တွန်းလိုပါတယ်။ ထပ်မံပြီးယခင်အတွေ့ အကြုံများအရ ဝန်ကြီးဌာနများအနေနဲ့ ခွင့်ပြုချက်ရယူပြီး ကိစ္စရပ်များနဲ့ စိစစ်ခြင်းဆိုင်ရာကိစ္စရပ်များ အကူအညီရယူနိုင်ဖို့အတွက် အချိန်မီအောင် ဆောင်ရွက်ကြရာမှာ တကွဲတပြားဆောင်ရွက်ရခြင်းများ၊ တစ်ပြိုင်နက်တည်း ဆောင်ရွက်ရခြင်းများစတဲ့အခြေအနေတွေကို ရှောင်ရှားနိုင်စေဖို့လည်းထည့် သွင်းရေးဆွဲထားပါတယ်။

ဒါကြောင့် တက်ရောက်လာသူအားလုံးအနေနဲ့ DACU နဲ့ ပုံမှန်တွေ့ဆုံ ဆွေးနွေးသွားစေလိုပါတယ်၊ DACUနဲ့ ကနဦးညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် လမ်းညွှန်ချက်ထုတ်ပြန်တာတွေကို ရှောင်ရှား ကြဖို့ ကျွန်မတိုက်တွန်းလိုပါတယ်။

DACU ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပိုပြီးအသေးစိတ်ဆွေးနွေးသွားမှာဖြစ်ပြီး ပြန်လည်အကြံပြုချက်များကိုလည်း ကြိုဆိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

DACU ကိုပေးအပ်ထားတဲ့ လုပ်ငန်းစဉ်ရဲ့ဒုတိယနဲ့ တတိယအချက် တွေကတော့ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း၊ ကဏ္ဍအလိုက်နဲ့ ဦးတည်ချက်အလိုက် လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း တို့ဖြစ်ပါတယ်။

ယခင်နှစ်က အသစ်ပြင်ဆင်ဖွဲ့စည်းထားတဲ့ ကဏ္ဍဆိုင်ရာပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့ (၁၀)ဖွဲ့က တင်ပြဆွေးနွေးခဲ့တာတွေကိုလည်း သိရှိလိုပါ တယ်၊ အချို့အဖွဲ့များအနေနဲ့ပိုပြီး ကောင်းမွန်အောင် ဆောင်ရွက်နိုင်တာ ကိုလည်း သိရှိထားပြီးဖြစ်ပါတယ်၊ DACU အနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ကြန့်ကြာနိုင်မှု အခြေအနေများကို အနီးကပ်စောင့်ကြပ်ကြည့်ရှုစေလိုပါ တယ်။ ကောင်းကောင်းမွန်မွန်စွမ်းဆောင်နိုင်မှုများကိုလည်း မိမိကိုအသိပေး စေလိုပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများရယူရာမှာ ကောင်းမွန်သေချာတဲ့ ညှိနှိုင်းမှုရှိဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိဖို့အတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့တွေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါမှသာ ပြည်ထောင်စုဝန်ကြီးများအနေနဲ့ သူတို့ အခန်းကဏ္ဍတွေမှာ အကောင်းဆုံးဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့သတင်းအချက် အလက်တွေကိုရရှိကြမှာ ဖြစ်ပါတယ်။

အချို့အဖွဲ့တွေအနေနဲ့ ကဏ္ဍဆိုင်ရာစီမံကိန်းများနဲ့ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်နေပြီး၊ အချို့က ဘဏ္ဍာငွေကုန်ကျစရိတ်တွေကို ပြုစု ဆောင်ရွက်နေတယ်လို့ သိရှိရတဲ့အတွက်မိမိအနေနဲ့ ကျေနပ်မိပါတယ်၊ ဒါဟာအရေးကြီးတဲ့လုပ်ငန်းပါ။ ဘာလို့လဲဆိုတော့ အောင်အောင်မြင်မြင် လုပ်နိုင်မယ်ဆိုရင် တစ်နှစ်စာစီမံကိန်းနဲ့ ဘတ်ဂျက်စက်ဝန်းကနေ ကျွန်မတို့ ရုန်းထွက်နိုင်မှာဖြစ်ပြီး ကာလရှည်၊ ကာလလတ်အတွက် မဟာဗျူဟာကျကျ စဉ်းစားပြီး စီမံကိန်းချမှတ်သွားနိုင်မှာဖြစ်ပါတယ်။

မိမိတို့ရဲ့ ပြည်ထောင်စုဝန်ကြီးတွေကို လုပ်အားနှစ်ဆတိုးပြီး ဆောင်ရွက် ကြဖို့ တိုက်တွန်းလိုပါတယ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအနေနဲ့လည်း လုပ်ငန်း များပြီးမြောက်နိုင်ဖို့ နည်းပညာဖြစ်စေ၊ ဘဏ္ဍာရေး(ဒါမှမဟုတ်) အခြားအချင်း အရာဖြစ်စေ လိုအပ်တဲ့ အရင်းအမြစ်တွေရရှိသုံးစွဲနိုင်အောင်စဉ်းစားပေး ကြဖို့ တိုက်တွန်းလိုပါတယ်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေနဲ့ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်သွားစေလိုပါတယ်၊ လုပ်ငန်းစီမံချက်အစီအစဉ်များကို အကောင်အထည်ဖော်ရာမှာ သူတို့ဟာ ရှေ့တန်းကနေ ဆောင်ရွက်ရမှာဖြစ် တဲ့အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်း တွေရဲ့ အတွေးအမြင်များနဲ့ကျွမ်းကျင်မှုများကိုလည်း ကြိုဆိုတန်ဖိုးထားပါ တယ်။

အခုအချိန်မှာ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူမှုအဖွဲ့ အစည်းများအပါအဝင် stakeholder အားလုံးမှ ကိုယ်စားလှယ်များလည်း ရောက်ရှိနေပါတယ်၊ မဖွဲ့စည်းရသေးတဲ့အဖွဲ့တွေကိုတော့ ခုလာမယ့်ရက် သတ္တနှစ်ပတ်အတွင်း ဖွဲ့စည်းသွားရမှာဖြစ်ပါတယ်။

DACU အနေနဲ့လုပ်ငန်းတာဝန်များ ကြီးမားသော်လည်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေအနေနဲ့ ကတိကဝတ်များနဲ့အညီ ဆောင်ရွက်မှု အခြေအနေများကို ကြီးကြပ်စေလိုပါတယ်၊ နောက်ရက်သတ္တလေးပတ် အတွင်း လုပ်ငန်းဆောင်ရွက်မှု

စာမျက်နှာ ၉ သို့ ✻

✻ စာမျက်နှာ ၈ မှ

အစီရင်ခံစာများကိုသိရှိလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

ဖွံ့ဖြိုးမှုအကူအညီများနဲ့ဆောင်ရွက်မယ့် ဦးစားပေးလုပ်ငန်းများဆုံးဖြတ်သတ်မှတ်ရာမှာ DACU အနေနဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ခြုံငုံစဉ်းစားပြီး သတ်မှတ်ထားတာဖြစ်ပါတယ်။

အဆင့်မြင့်လမ်းညွှန်ချက်အနေနဲ့ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးမူဝါဒ (၁၂) ချက်ရှိပေမယ့် ပိုပြီးမဟာဗျူဟာကျဖို့လိုအပ်တဲ့ အဆင့်အတွက် အခုထက်ပိုပြီး အသေးစိတ်ဖြစ်ရမယ်လို့ ကျွန်မတို့ဆုံးဖြတ်ခဲ့ကြပါတယ်။

ဒါကြောင့် DAP ကို ရေးဆွဲစဉ်မှာ မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံချက် (MSDP) ကိုစတင်လုပ်ဆောင်ကြဖို့ ရေးဆွဲရေးအဖွဲ့ကိုညွှန်ကြားခဲ့ပါတယ်။ ဒီမဟာဗျူဟာမြောက် စာတမ်းရဲ့နောက်မှာ အကောင်အထည်ဖော်မယ့် ခန့်မှန်းစရိတ်တွက်ချက်ထားပါတယ်။ ဦးစားပေးအချက်များပါရှိတဲ့ အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများ စာရင်းဇယားတစ်ခုဖြစ်တဲ့ မြန်မာပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Myanmar Public Investment Programme) ကိုလည်း ရေးဆွဲသွားမှာဖြစ်ပြီး ယခုအချိန်မှာ မူကြမ်းရေးဆွဲပြီးဖြစ်လို့ အဲဒီမူကြမ်းအပေါ် stakeholder များက အကြံပြုဆွေးနွေးပေးကြပါလို့ ပြောကြားလိုပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSDP ကို အသေးစိတ်တင်ပြသွားမှာဖြစ်ပြီး မိမိတို့ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေ၊ အစပျိုးဆောင်ရွက်မှုတွေဟာ ငွေကြေးအရင်းအမြစ်များကို အဓိကမထားဘဲ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိဖို့နဲ့ တူညီတဲ့ဦးတည်ချက်ကို ရှေးရှုဆောင်ရွက်သွားဖို့ အရေးကြီးတယ်ဆိုတာ ကျွန်မအလေးပေးပြောကြားလိုပါတယ်။

ဒီနေ့အမှာစကားပြောကြားပြီးချိန်မှာ ရလဒ်အနေနဲ့ တိုတောင်းတိကျပြီး လက်တွေ့ကျကျဆောင်ရွက်နိုင်ခြေရှိတဲ့ အကြံပြုမှုများကို မြင်တွေ့လိုပါတယ်၊ ဒါဟာ DACU ရဲ့ဦးဆောင်မှုအောက်မှာ DAP အလုပ်အမှုဆောင်အဖွဲ့ကို ပေးအပ်လိုက်တဲ့ ပထမဆုံးလုပ်ငန်းတာဝန်တွေထဲက တစ်ခုဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

ဒီအကြံပြုချက်တွေဟာ ကျွန်မတို့ရှေ့ဆက်သွားတာနဲ့အမျှ အပြုသဘောဆောင်တဲ့အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်နဲ့ ကာလလတ်အတွင်းမှာ ဆောင်ရွက်ရမယ့်အလွန်အရေးကြီးတဲ့ ကိစ္စရပ်တွေအတွက် ရှင်းလင်းပြတ်သားတဲ့ အကြံပြုချက်တွေဖြစ်စေလိုပါတယ်။ ဒီနေ့ပြုလုပ်မယ့်ဆွေးနွေးပွဲတွေမှာ ဒီအချက်ကို ဦးတည်ဆွေးနွေးသွားစေလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ပြောင်းလဲမှု ကာလအလယ်မှာ စိန်ခေါ်မှုတွေကို ကြုံတွေ့နေရပေမယ့် မိမိတို့မြန်မာနိုင်ငံအနေနဲ့ ရှေ့ကို ဆက်လက်လျှောက်လှမ်းနေတယ်လို့ ကျွန်မခံစားမိပါတယ်။

မိမိတို့ဟာ နယ်ပယ်အစုံမှာစိန်ခေါ်မှုတွေကြုံတွေ့နေရပြီး ပြည်သူများက မျှဝေတဲ့ အတွေ့အကြုံများအရ အဓိကအချက်ဟာ ဆင်းရဲနွမ်းပါးမှုပဲဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ဖွံ့ဖြိုးမှုအကူအညီမူဝါဒကို ထုတ်ပြန်ထားနိုင်ပြီဖြစ်သလို ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာကိစ္စရပ်များမှာ ကြုံတွေ့နေရတဲ့ အဓိကအခက်အခဲများအပေါ် ဆွေးနွေးအဖြေရှာဖို့ခိုင်မာတဲ့မူဘောင်တစ်ခုလည်းရှိနေပြီဖြစ်ပါတယ်။

စောစောက ကျွန်မပြောခဲ့သလိုပဲ DACU အနေနဲ့ ကနဦး သတ်မှတ်ဖော်ထုတ်ထားတဲ့လုပ်ငန်းကဏ္ဍ (၅) ရပ်မှာ တိုးတက်မှုရှိပါတယ်။ အခုအချိန်ဟာ နောက်လာမယ့်ကာလများမှာဆောင်ရွက်ဖို့ လိုအပ်ချက်တွေ၊ မပြီးမြောက်သေးတဲ့ လုပ်ငန်းတွေ၊ DAP နဲ့မကြာမီထုတ်ပြန်မယ့် MSDP တို့နဲ့ ပတ်သက်ပြီး ရည်မှန်းဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဖိတ်ခေါ်ဖို့ စတာတွေကို ဖော်ထုတ်ရမယ့်အချိန်ဖြစ်ပါတယ်။

DAP ကို ထုတ်ပြန်ခြင်းနဲ့အတူ အခုလို အစည်းအဝေးတွေကိုနှစ်စဉ်ကျင်းပသွားဖို့ ရည်ရွယ်ထားပါတယ်။ နှစ်ဝက်ပြန်လည်သုံးသပ်မှုတွေနဲ့ မိမိတို့လုပ်ငန်းဆောင်ရွက်မှုတွေကို တည့်မတ်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်နဲ့ဆိုရင် မကြာမီကာလမှာ ဖွံ့ဖြိုးမှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေကို ဒီထက်ပိုမိုကြီးမားတောက်ပတဲ့ ပုံရိပ်အခြေအနေမျိုးနဲ့ ချိတ်ဆက်နိုင်ဖို့အတွက် သေသေချာချာစဉ်းစားဖော်ထုတ်ရရှိတဲ့ဦးစားပေးရည်မှန်းချက်တွေ၊ မဟာဗျူဟာတွေနဲ့လုပ်ငန်းစဉ်တွေပါဝင်တဲ့ စီမံချက်တစ်စုံထွက်ရှိလာမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအနေနဲ့ လမ်းညွှန်ထားတဲ့အတိုင်းဆောင်ရွက်ရာမှာ ရရှိလာမယ့်ရလဒ်များအပေါ် တာဝန်ခံမှုဖြင့်ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာညွှန်းကိန်းများနဲ့ ရည်မှန်းချက်များပါဝင်တဲ့ မဟာဗျူဟာ စီမံချက်တစ်ခုပေါ်ထွက်လာမယ်ဆိုရင် အဲဒါဟာ DACU အတွက်လည်း အသုံးဝင်မယ်လို့ယူဆပါတယ်။

ဒီနေ့ဆွေးနွေးပွဲရဲ့ရလဒ်များကို တင်ပြပေးစေလိုပါတယ်။ ရရှိလာတဲ့ ရလဒ်များကို ပွင့်လင်းမြင်သာစွာနဲ့မျှဝေပေးသွားကြရမှာ ဖြစ်ပါတယ်။ ဒါမှသာတခြားသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတာကို လေ့လာနိုင်မှာဖြစ်ပြီး ရရှိလာတဲ့အတွေ့အကြုံကောင်းတွေကို ပြန်လည်အသုံးချကောင်းချနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအစီရင်ခံစာကို ဖြန့်ဝေသွားရမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကို ကျော်ဖြတ်လွန်မြောက်ဖို့ စိတ်အားထက်သန်ပါတယ်။ နောက်တစ်နေ့မှာ ရင်ဆိုင်ရမယ့် အခက်အခဲများကိုလည်း ကြိုဆိုလက်ခံပြီး ရင်ဆိုင်ကျော်ဖြတ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအားလုံးဟာ ကျွန်မတို့အနားမှာ နီးနီးကပ်ကပ်ရှိနေကြမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ဒီစိန်ခေါ်မှုတွေကိုကျော်လွှားရာမှာ ကျွန်မတို့ရဲ့ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ဘဏ္ဍာရေးအရင်းအမြစ်နဲ့နည်းပညာအကူအညီအတွက်သာမက တစ်ခါတစ်ရံမှာ ကျွန်မတို့ကို အားပေးလှုံ့ဆော်ပေးကြဖို့ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအားလုံးကို ကျွန်မတို့အားကိုးလိုပါတယ်။

၂၀၁၈ ခုနှစ်ထဲကို ကျွန်မတို့ ဝင်ရောက်လျှောက်လှမ်းနေကြပါပြီ။ ပြည်သူများအနေနဲ့လည်း မြန်မာနှစ်သစ်ကူးပွဲတော်ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်နေကြပါပြီ။ ဘဏ္ဍာရေးနှစ်ပုံစံသစ်ပြောင်းလဲလိုက်ခြင်းနဲ့အတူ များပြားလှတဲ့ပြုပြင်ပြောင်းလဲမှုများ စတင်နေပြီဖြစ်ပါတယ်။

ယုံကြည်အားကိုးရပြီး စိတ်စေတနာကောင်းရှိကြတဲ့ ရေခြားမြေခြားမှ ကျွန်မတို့ရဲ့ မိတ်ဆွေများနဲ့အတူ မှန်ကန်တဲ့ဆောင်ရွက်ချက်များ၊ ပိုမိုခိုင်မာတဲ့ရည်ရွယ်ချက်များနဲ့ ပြန်လည်ဆန်းသစ်ပြီး ၂၀၁၈ ခုနှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းများအတွက် ဒီနေ့အစည်းအဝေးကနေ ရရှိလာမယ့် အခွင့်အလမ်းတွေကို အသုံးပြုကြပါလို့ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

❒ **ကျောဖုံးမှ**

AFC Cup ပြိုင်ပွဲအုပ်စုပွဲများကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် စတင်ကျင်းပခဲ့ပြီး ပထမပွဲတွင် ရန်ကုန်အသင်း အနိုင်ရခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ထို့ကြောင့် ယနေ့ကစားမည့် ဒုတိယပွဲမှာ နိုင်ပွဲရထားသည့် ရန်ကုန်အသင်းအတွက်ရော ရှုံးပွဲကြုံတွေ့ထားသည့် ရှမ်းယူနိုက်တက်အသင်းအတွက်ပါ အရေးပါလျက်ရှိသည်။ ရန်ကုန်အသင်းသည် အုပ်စု (G) တွင် ထန်ဟွာ (ဗီယက်နမ်)၊ ဂလိုဘယ် (ဖိလစ်ပိုင်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား) တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အဖွင့်ပွဲတွင် ရန်ကုန်အသင်းက အဝေးကွင်းတွင် ဘာလီယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုး၊ ထန်ဟွာအသင်းက အိမ်ကွင်းတွင် ဂလိုဘယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ နိုင်ပွဲရထားသည့်နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး နှစ်ပွဲဆက်အနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် ထန်ဟွာအသင်းတို့ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ကျင်းပရာ ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက “အသင်းရဲ့လက်ရှိအနေအထားကို အားရကျေနပ်ပါတယ်၊ နိုင်ပွဲဆက်ဖို့ ကြိုးပမ်းမှာဖြစ်ပြီး ပြိုင်ဘက်အသင်းအကြောင်းနဲ့ ကစားပုံကိုလည်း ရသလောက်လေ့လာထားပါတယ်၊ ထန်ဟွာအသင်းကလည်း အသင်းကောင်းတစ်သင်းပါ၊ အိမ်ကွင်းဖြစ်ပေမယ့်ပေ့ါဆလို့ မရပါဘူး၊ အိမ်ကွင်းပွဲတိုင်းအနိုင်ရမှ အုပ်စုပထမနဲ့ ဇုန်အလိုက် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မှာဖြစ်ပါတယ်၊ ရန်ကုန်အသင်းအနေနဲ့ ယှဉ်ပြိုင်တဲ့ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရအောင် ကြိုးစားမှာပါ” ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(F) တွင် ဟုမ်းယူနိုက်တက် (စင်ကာပူ)၊ ဆီရက်စ် (ဖိလစ်ပိုင်)၊ အန်ကော(ကမ္ဘောဒီးယား)တို့နှင့် ကျရောက်နေပြီး အန်ကောနှင့် ရှမ်းယူနိုက်တက်အသင်းပွဲကို ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းတွင် ဟုမ်းယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားပြီး အန်ကောအသင်းမှာမူ အဝေးကွင်း၌ ဆီရက်စ်အသင်းကို ကိုးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက “နှစ်သင်းစလုံး အဖွင့်ပွဲမှာ ရှုံးထားတာကြောင့် ဒီပွဲကအရေးပါပါတယ်၊ နှစ်ပွဲဆက်ရှုံးရင် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးနည်းသွားပါလိမ့်မယ်၊ အမှတ်ရဖို့ ကြိုးစားမှာဖြစ်တာကြောင့် ခက်ခဲမယ့်ပွဲဖြစ်လာမှာပါ၊ ရလဒ်ကောင်းဖို့ ကြိုးစားမှာပါ”ဟု ပြောကြားခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၆**

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မုဒုံမြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၂ ရက်က မုဒုံမြို့နယ်ရှိ ကော့ပရံကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း၊ ကင်းချောင်းကျေးရွာ မြေသားရေကန်ပြုပြင်ခြင်း၊ ကတုံးပေါ်-ဘလောက်ညောင်ဝိုင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မောင်တောမြို့တွင် အဋ္ဌမတန်း အတန်းတင်စာမေးပွဲ နောက်ဆုံးဘာသာရပ် ဖြေဆို



**မောင်တော ဖေဖော်ဝါရီ ၂၆**

အခြေခံပညာ စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၌ ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ တစ်ပြိုင်တည်းဖြေဆိုလျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောမြို့တွင်လည်း အဋ္ဌမတန်း အတန်းတင်စာမေးပွဲ နောက်ဆုံးဘာသာရပ်ကို ယနေ့နံနက်ပိုင်းက ဖြေဆိုကြသည်။

“စတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှာ စတင်ဖြေဆိုကြတာဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ စတုတ္ထတန်းစာမေးပွဲဖြေဆိုမှု ပြီးစီးခဲ့ပါတယ်။ အဋ္ဌမတန်းကတော့ နောက်ဆုံးဘာသာရပ်ကို ဒီနေ့ ဖြေဆိုနေကြတာဖြစ်ပါတယ်” ဟု ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမှုနှင့် ပတ်သက်၍ မောင်တောမြို့ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်သိန်းက ပြောသည်။

မောင်တောမြို့ အထက(၁)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းက “အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရတဲ့ ဟိန္ဒူဘာသာဝင်တွေကို အထက(၁)မှာ ယာယီထားရှိတဲ့အတွက် အထက(၁)က ကျောင်းသား ကျောင်းသူတွေကို အထက(၂) ကျောင်းရဲ့အပေါ်ထပ်မှာ ဖြေဆိုစေပါတယ်၊ အောက်ထပ်မှာတော့ အထက(၂)က ကျောင်းသား ကျောင်းသူတွေ ဖြေဆိုကြပါတယ်၊ တစ်ကျောင်းတည်းမှာပဲ စာစစ်ဌာန နှစ်ခုကို အဆင်ပြေအောင်ထားရှိ လုပ်ဆောင်ခဲ့ပါတယ်” ဟု ပြောသည်။

မောင်တောမြို့နယ် အတွင်း၌ စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၃၁၄၀ ကျော် ရှိပြီး စာစစ်ဌာန ၉၃ ခု ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူ ၁၇၀၀ ကျော် ဖြေဆိုခဲ့ကြောင်း၊ အဋ္ဌမတန်းဖြေဆိုရန် စာစစ်ဌာန ၁၅ ခု ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၄၁ ဦးရှိသည့်အနက် ဖြေဆိုသူ ၇၇၇ ဦးရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး မှတ်တမ်းများအရ သိရသည်။

ထို့ပြင် လာမည့် မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် ဝင်ခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း၊ မောင်တောမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနသုံးခု ဆောင်ရွက်ထားကြောင်း၊ အထက(၁)တွင် စာစစ်ဌာနနှစ်ခုနှင့် အထက(၂)တွင် တစ်ခုတို့ ဖြစ်ကြောင်း၊ ဖြေဆိုမည့် ကျောင်းသားကျောင်းသူအရေအတွက်မှာ စာစစ်ဌာနသုံးခုပေါင်း ၈၇၈ ဦးခန့်ရှိနိုင်ကြောင်း၊ အရေအတွက် အပြောင်းအလဲရှိနိုင်ကြောင်း တက္ကသိုလ်ဝင်စာမေးပွဲအခြေအနေနှင့်ပတ်သက်၍ မောင်တောမြို့နယ် ပညာရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**သတင်း-ဟိန်းထက်ဇော်**
**ဓာတ်ပုံ-ရာမည**

✪ **ပြည်ထောင်စုမှ**

ထို့နောက် တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ပဒိုစောတာဒိုမူး၊ ဦးစိုင်းငင်း၊ ဦးမျိုးဝင်း၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ တာလှဖေ၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီမှ နိုင်အောင်မငေးနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးမှ နာဗစ်ဘွန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပုံပြော၊ ဆေးရောင်ခြယ်နှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကျောင်းသား ကျောင်းသူလေးများ ဉာဏစွမ်းရည်၊ တီထွင်နိုင်မှုစွမ်းရည် အတွေးအခေါ်များ ရှင်သန်စေရေးအတွက် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရည်ရည်မွန်က ပြိုင်ပွဲများကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားသုံးမျိုးတွင် အကဲဖြတ်ဒိုင်များအဖြစ် စာရေးဆရာ ကျော်မင်းညွန့် (လှည်းကူး)၊ ပန်းချီဆရာ စောဂျနုံး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်တို့က ဆောင်ရွက်ပေးခဲ့ကြသည်။ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင် ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများထိရောက်မှုရှိစေရေး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ သဘောထားအမြင်များ

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ တက်ရောက်လာသူတချို့အား တွေ့ဆုံမေးမြန်းထားပါသည်-**

တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး၊
အေးနှင်းညို၊ စုရည်မွန်၊ သီရိမင်းထွန်း၊ မိုးမမ

**ဒေါ်ပန်စီထွန်းသိန်း**

**Executive Director of Local Resource Center (LRC)**

ကျွန်မအနေနဲ့တော့ ကောင်းတယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ တိုးတက်အောင်လုပ်မယ့် အဖွဲ့တွေအကုန်လုံး ဒီပွဲမှာပါတာပေါ့နော်။ development parliament တွေပါတယ်၊ embassy တွေပါတယ်။ ပြည်တွင်းပြည်ပက အစိုးရမဟုတ်တဲ့ အဖွဲ့တွေပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေပါတယ်။ အခုလိုမျိုး အရပ်ဘက်အဖွဲ့အစည်းတွေပါ ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် ကျွန်မတို့က လူထုအသံကို အများကြီးနားထောင်ရပါတယ်။ လူထုတွေနဲ့ ထိတွေ့နေတဲ့ အဖွဲ့တွေဖြစ်တဲ့ community based organizations လို့ခေါ်တဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ CSO တွေနဲ့ ပူးပေါင်းနေမယ်ဆိုရင် လူထုရဲ့ အသံကို အမြဲကြားနေရမှာဖြစ်ပါတယ်။ အခုလိုမျိုးပွဲတွေ လုပ်တဲ့အခါမှာ အဲဒီအသံတွေကို ယူလာပေးပြီး ကျွန်မတို့က ဖြည့်ဆည်းပေးရတာဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းမှာ ပါဝင်နေတဲ့ ကျွန်မအနေနဲ့ ပြည်သူနဲ့ အစိုးရကြားမှာ ပေါင်းကူးတံတားအနေနဲ့ လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ အဖွဲ့ပေါင်း ၄၀ ပါဝင်တဲ့ Myanmar Civil Society Platform for Aid and Development က နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ လုပ်တဲ့အခါမှာ အောက်ခြေက အသံတွေယူတာဖြစ်ပါတယ်။ အဲဒီအသံတွေကို Myanmar Civil Society Platform for Aid and Development ကနေတစ်ဆင့် ဒီကနေ့မနက်ဆွေးနွေးသွားတဲ့ နိုင်ငံတော်အဆင့်ဖြစ်တဲ့ DACU မှာ ဖြည့်ဆည်းပေးဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ CSO လို့ခေါ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက နိုင်ငံတော်ကို တခြားလူတိုင်းကတော့ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုပဲ အဓိကအချက်အနေနဲ့ တွေးကြပါတယ်။ ဒီနိုင်ငံမှာ ဆက်လက်လုပ်ကိုင်ဖို့လိုနေတဲ့ နေရာတွေကတော့ ဥပဒေမူကြမ်းတွေ ပြင်ဆင်မယ်။ ပြီးခဲ့တဲ့ ၂၄ လအတွင်းမှာ ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေထွက်ပေါ်လာတယ်ဆိုတာက အဖိုးမဖြတ်နိုင်တဲ့ အချက်ဆိုတာ ကျွန်မသိထားပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတွေကို ဥပဒေမူကြမ်းတွေ ရေးဆွဲတဲ့အခါ ပိုမိုပါဝင်ခွင့်ပေးတာမျိုးတွေ လုပ်သင့်ပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ဥပဒေတွေ အကောင်ထည်ဖော်ကျင့်သုံးတဲ့အခါ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် နားလည်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အကူပြုဥပဒေ (DAP- Development Assistance Policy)နဲ့ ပတ်သက်ပြီး သိပ်ပြီးအလေးထားတာကို တွေ့ရသလို ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(DACU - Development Assistance Coordination Unit) ကိုလည်း လုပ်ငန်းတွေအောင်မြင်အောင် အကောင်အထည်ဖော်ဖို့အတွက် သူရဲ့ပါဝင်မှုဟာ အရေးကြီးပါတယ်ဆိုတာကိုလည်း ဒီနေ့ဆွေးနွေးပွဲကနေ တွေ့ရှိပါတယ်။

**Dr. Sean Turnell,**

**Special Economic Consultant to the State Counsellor**

ဒီပွဲကမြန်မာနိုင်ငံအတွက် ဘယ်လောက်အရေးပါသလဲဆိုတော့ အလွန်ကို အရေးပါပါတယ်။ အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံဟာ အလှူရှင်တော်တော်များများဆီကနေအကူအညီအများကြီးရနေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒီအကူအညီတွေအားလုံးအချိတ်အဆက်ရှိစေဖို့နဲ့ အစိုးရရဲ့ စီးပွားရေးမူဝါဒနဲ့ ကိုက်ညီဖို့ အရေးကြီးပါတယ်။ ဒီပွဲကတော့ အလှူရှင်အဖွဲ့အစည်းတွေ တွေ့ဆုံတယ်။ အထူးသဖြင့် ကာလလတ်နဲ့ ရေရှည်ကာလတွေအတွက်ပါ။ အခုအချိန်မှာတော့ စီးပွားရေးတိုးတက်လာဖို့အတွက် အကောင်းဆုံး အနေအထားမှာရှိနေပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့အချက်က နှစ်နှစ်နီးပါး အတွင်းမှာ အစိုးရဟာ အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ငြိမ်လာအောင် ဆောင်ရွက်နေတဲ့အချက်ပါ။ ဈေးငွေ့ပမာဏ၊ ငွေကြေးဖောင်းပွမှု၊ ငွေစက္ကူအသစ်ထပ်ထုတ်တာစတဲ့ အချက်တွေဟာ အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ငြိမ်မှု ရှိ၊ မရှိ ပြတဲ့ အဓိကလက္ခဏာတွေပါ။ အခု အဲဒီအချက်တွေအားလုံး အခြေအနေ ကောင်းနေပါတယ်။ ပြောရမယ်ဆိုရင် တိုးတက်မှုဖြစ်စေနိုင်မယ့် ပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းမှာ ပါဝင်နိုင်မယ့် အခွင့်အလမ်းတွေ အခုတွေ့နေရပါတယ်။ ဒါကြောင့် အခုအချိန်မှာ စီးပွားရေးတိုးတက်မှုနှုန်းကအားကောင်းနေတယ်လို့ ပြောရမှာပါ။

မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမားစတင်ဖို့ အစောကပြောခဲ့သလိုပါပဲ။ စီးပွားရေး လွတ်လပ်ခွင့်ပိုရှိလာအောင် လုပ်ဖို့လိုပါတယ်။ မလိုအပ်တော့တဲ့ စည်းမျဉ်းတွေကိုဖယ်ရှားပြီး ပြည်သူတွေ သူတို့ရဲ့ စိတ်ကူးတွေကိုအကောင်အထည်ဖော်နိုင်ဖို့ စီးပွားရေးလွတ်လပ်ခွင့် ပေးဖို့လိုပါတယ်။

**Dr. Stephan Paul Jost**

**WHO Representative to Myanmar**

ဒီအခမ်းအနားက မြန်မာနိုင်ငံအတွက် အလွန်ကိုအရေးပါတဲ့ အခမ်းအနားလို့ ကျွန်တော်ထင်ပါတယ်။ ဖွံ့ဖြိုးရေးအကူအညီပေးရေးမူဝါဒက မတူညီတဲ့အဖွဲ့အစည်းတွေ၊ အစိုးရတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို မိတ်ဖက်ဆောင်ရွက်ရာမှာ အရေးပါတဲ့မူဘောင်ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးရေးစီမံချက်ကလည်း ဖွံ့ဖြိုးရေးစီမံချက်တွေ အကောင်အထည်ဖော်ဆောင်ရာမှာ အလွန်ကိုအရေးကြီးတဲ့အရာတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ စိန်ခေါ်မှုတွေအများကြီးရှိနေသလို သိသာထင်ရှားတဲ့ တိုးတက်မှုတွေကိုလည်း လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပြီးခဲ့တဲ့ငါးနှစ်အတွင်းမှာ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာသာမက ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ မြန်ဆန်စွာနဲ့ တိုးတက်နေပါတယ်။ နယ်ပယ်များစွာမှာ ဖြေရှင်းစရာတွေလည်းအများကြီးရှိနေပါသေးတယ်။ ငြိမ်းချမ်းရေးဟာ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်မှုမှာ အရေးကြီးပါတယ်။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရာမှာ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ လုပ်ဆောင်မှသာ အနာဂတ်မျိုးဆက်သစ်တွေက အဲဒီအကျိုးဆက်ကိုခံစားရမှာ ဖြစ်ပါတယ်။


ဒေါ်ပန်စီထွန်းသိန်း


Ms. Jodi Weedon


Dr. Sean Turnell


Dr. Stephan Paul Jost


Ms. Ellen Goldstein

(ဒေါ်ပန်စီထွန်းသိန်း ဆက်) တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးနေတာပါ။ ဒါကြောင့် ကျွန်မတို့လို အရပ်ဘက်အဖွဲ့အစည်းတွေကို အစိုးရအနေနဲ့ လက်တွဲခေါ်ဖို့၊ ယုံကြည်ဖို့လိုပါတယ်။ စားပွဲဝိုင်းမှာထိုင်ပြီးတော့ ဆွေးနွေးချင်ပါတယ်။ အဲဒီလို ဆွေးနွေးနိုင်ဖို့ အခွင့်အရေးလေးတွေ ပေးစေချင်ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေ ကောင်းကောင်းလုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းပေးနိုင်မယ့် ဥပဒေတွေလုပ်ပေးစေချင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ရေးဆွဲခဲ့တဲ့ Association Registration Law က အရပ်ဘက်အဖွဲ့အစည်းတွေ လိုအပ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒီဥပဒေရှိတဲ့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ပိုပြီး လုပ်ဆောင်နိုင်တယ်။ ပိုပြီး ပါဝင်နိုင်တယ်။ အစိုးရရဲ့ ယုံကြည်မှုတွေ ပိုရနိုင်တယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အဲဒီလိုမျိုးဥပဒေတွေ လိုချင်တယ်။ အစိုးရအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပိုပြီးယုံကြည်စေချင်တယ်။ ယုံယုံကြည်ကြည်နဲ့ အစိုးရနဲ့ လက်တွဲနိုင်မယ်ဆိုရင် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အများကြီး ကူညီနိုင်ပါတယ်။

**Ms. Jodi Weedon – Chief Executive Officer (Aust Cham Myanmar) Australia Chamber in Myanmar based in Yangon.**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သိပ်ကိုကြီးမားတဲ့ အရေးပါတဲ့ ဆွေးနွေးပွဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ မကြာမီကမှ မြန်မာနိုင်ငံမှာ စစ်အုပ်ချုပ်ရေးကနေ အရပ်သားအုပ်ချုပ်ရေးကို ပြောင်းလဲတာရယ်၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာပြောင်းလဲနေတာတွေကြောင့်သာ အခုအောင်မြင်မှုတွေလို့ ပြောနိုင်ပါတယ်။ အခုလို စားပွဲဝိုင်းဆွေးနွေးပွဲမှာ နောက်ခံအမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်ကြားမှာတွေ့ဆုံရတာ အင်မတန်မှ အဓိပ္ပာယ်ရှိပါတယ်။ ကျွန်မရဲ့ ကိုယ်ပိုင်အမြင်ကိုပြောရမယ်ဆိုရင် ပုဂ္ဂလိကအဖွဲ့တွေအတွက် ဒီဆွေးနွေးပွဲဟာ အထူးသင့်လျော်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိကအဖွဲ့တွေအနေနဲ့ ကိုယ့်အဖွဲ့တွေက ဘာတွေလုပ်နိုင်တယ်၊ ဘယ်လောက်တန်ဖိုးရှိတဲ့အလုပ်တွေ လုပ်နိုင်တယ်ဆိုတာကို ပြနိုင်သလို အောင်မြင်မှုတွေရရှိနေတာကို ပြနိုင်လို့ပါ။ ဒါ့အပြင်ပုဂ္ဂလိကအဖွဲ့တွေကလည်း မြန်မာနိုင်ငံဖွံ့ဖြိုးရေးမှာ အထူးအရေးပါတဲ့ အဖွဲ့တွေဖြစ်တယ်ဆိုတာ ပြသနိုင်တဲ့အတွက်ပါပဲ။

ကျွန်မအမြင်ကို ပြောရမယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ကလည်း အဓိကလုပ်ရမယ့် အချက်ပါ။ ဒါပေမဲ့ ကြတဲ့ပွဲပါပဲ။ ဒါပေမဲ့ အစိုးရအဖွဲ့ကသူတွေအားလုံးနဲ့ စီးပွားရေး အသိုင်းအဝိုင်းက သူတွေအားလုံးဟာ အသုံးစရိတ်နဲ့ ဝင်ငွေမြင့်မားအောင် ဆောင်ရွက်ရာမှာ အစီအစဉ်တွေ အားလုံးကို စီမံချက်တစ်ခုတည်းမှာ ပေါင်းပြီးဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

ဒီမိုကရေစီအပြောင်းအလဲကိုသွားတဲ့နေရာမှာစီးပွားရေးနဲ့ ပတ်သက်ပြီး အခက်အခဲတွေ အများကြီးရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ အရင်က တင်းကျပ်လွန်းတဲ့ အနေအထားတို့၊ ငွေမြုပ်နေတာမျိုးတို့၊ ကိုယ်ကျိုးအတွက် ပတ်သက်နေတာမျိုးတွေ စသဖြင့် အမျိုးမျိုးရှိနေရာကနေ အပြောင်းအလဲလုပ်နေရတာပါ။ နိုင်ငံရေးအရ အပြောင်းအလဲကလည်း စီးပွားရေးမှာ အပြောင်းအလဲ ဖြစ်စေပါတယ်။ အရင်က လုပ်ပိုင်ခွင့်မရတဲ့သူတွေကို စီးပွားရေးလုပ်ငန်းတွေလုပ်ခွင့်ပေးတာ၊ စီးပွားရေးလုပ်ငန်းတွေ စတင်ခွင့်ပေးတာ၊ စီးပွားရေးလွပ်လပ်ခွင့်ပေးတာ စတာတွေလို လုပ်ငန်းတွေ အပြိုင်အဆိုင်လုပ်ဖို့ လမ်းဖွင့်ပေးတာမျိုးတွေပါ။ ဒါတွေက ဒီမိုကရေစီနည်းစနစ်မှာပါဝင်တဲ့ ကဏ္ဍတချို့ပါ။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအောင်မြင်မှုရှိစေဖို့ အကြံပြုရမယ်ဆိုရင် အဓိကအချက်ကတော့ စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာမှာ စီးပွားရေးလွတ်လပ်ခွင့်ရှိဖို့ လိုတဲ့အချက်ပါပဲ။ မြန်မာတွေ အထူးသဖြင့် လူငယ်တွေရဲ့ အရည်အချင်းတွေ၊ စိတ်အားထက်သန်မှုတွေနဲ့ လုပ်နိုင်စွမ်းတွေကို ကျွန်တော် အမြဲတမ်းသဘောကျပါတယ်။ သူတို့အတွက် အဓိကလိုနေတာကတော့ သူတို့ရဲ့ စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ခွင့်ပြုမယ့် လွတ်လပ်ခွင့်ရှိဖို့ လိုနေတာပါပဲ။ အတိတ်ကာလကို ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့ တင်းကျပ်ထားပါတယ်။ စီးပွားရေးမူဝါဒအရ ကျွန်တော်တို့လုပ်နိုင်မယ့် အရေးကြီးဆုံးအချက်ကတော့ သူတို့တွေ စိတ်ဝင်စားတာကို လုပ်ခွင့်ပေးဖို့၊ သူတို့ရဲအိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်ပေးဖို့ပါပဲ။ ကန့်သတ်ချက်တွေ ကင်းလွတ်ခွင့်ပေးတာ၊ ဖြေလျှော့ပေးတာမျိုးတွေဟာ အဓိကကျတဲ့ မဟာဗျူဟာတွေဖြစ်သလို စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတွေ ဖွဲ့တာမျိုးလို တခြားဟာတွေလည်း လုပ်ပေးဖို့လိုပါတယ်။ ဒါပေမဲ့ ကျွန်တော့်အမြင်အရကတော့ နိုင်ငံတွင်းမှာရှိတဲ့သူတွေအတွက် စီးပွားရေးလွတ်လပ်ခွင့် ပိုပေးတာဟာအရေးကြီးဆုံးအချက်လို့ ထင်ပါတယ်။ ဒါမှ စစ်မှန်ပြောင်းလဲမှုမျိုး ဖြစ်လာမှာပါ။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကတော့ တော်တော်လေးကောင်းပါ

ကမ္ဘာ့ဘဏ်ရဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကဲဖြတ်ရရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေကို ထိထိရောက်ရောက် ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက သူတို့ဆန္ဒရှိတဲ့အတိုင်း လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီနည်းလမ်းကသာ မြန်မာနိုင်ငံကို စီးပွားရေးအရ အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေနဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်းတွေ ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်း အကောင်အထည်ဖော်ဆောင်ရေးက အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအပိုင်းကိုလုပ်ဆောင်ရာမှာ အခက်အခဲတွေရှိသလို ကောင်းမွန်တဲ့ စီမံချက်လည်း လိုအပ်တယ်လို့ ကျွန်တော်တို့အားလုံး သိရှိပြီးဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်မှုပိုင်း အကောင်အထည်ဖော်ဆောင်ဖို့ မူဝါဒမှာ ကြီးမားတဲ့စိန်ခေါ်မှုတွေ ရှိနေပါတယ်။

မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလူမျိုးစုတွေအကြား လူမျိုးစုပြဿနာတွေကို အဆုံးသတ်အောင် လုပ်ဆောင်နိုင်မှသာ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မှန်ကန်တဲ့နည်းလမ်းနဲ့ အကောင်အထည်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

❒ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှု အနာဂတ်အလားအလာက အလွန်ကိုကောင်းမွန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှုက ရှစ်ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်တာကလည်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကြောင့် ဖြစ်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ နယ်ပယ်အသီးသီးမှာ လာရောက်ရင်းနှီးမြှုပ်နှံလာဖို့ ပညာရေးကဏ္ဍက အလွန်ကိုအရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ ငယ်ရွယ်တဲ့ လုပ်သားထုရှိနေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေမြှင့်တင်ရာမှာ အရေးကြီးတဲ့ နိုင်ငံတစ်ဝန်း သာတူညီမျှတဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ဖို့လည်း လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးပိုရလာလေလေ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်လာလေလေပါပဲ။ မြန်မာနိုင်ငံမှာ အလားအလာကောင်းတွေ အများကြီး ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်ကဖက်ဒရယ် ပြည်ထောင်စု ဖြစ်တဲ့ ဂျာမနီနိုင်ငံကဖြစ်ပြီး ကျွန်တော်တို့နိုင်ငံမှာ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရှိပါတယ်။ ဂျာမနီနိုင်ငံက ပြည်နယ် ၁၆ ခုနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို အဲဒီပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကို သူတို့ဘာသာကိုင်တွယ်ဖြေရှင်းဖို့ လုပ်ပိုင်ခွင့် ပိုပေးသင့်ပါတယ်။ ဒါဟာအနာဂတ်မှာ တိုင်းပြည်အတွက် အလွန်ကိုအရေးကြီး ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေကအရေးကြီး သလဲဆိုတော့ လူမှုရေးကဏ္ဍကို ကောင်းကောင်းမွန်မွန်ပံ့ပိုးပေးဖို့ လိုအပ် တယ်လို့ ကျွန်တော်ထင်ပါတယ်။ ပညာရေးကဏ္ဍကလည်း ပြည်သူတွေကို အသက်မွေးဝမ်းကျောင်း သင်တန်းတွေပေးရာမှာ အရေးကြီးပါတယ်။ မျက်မှောက်ခေတ်က မြန်ဆန်စွာနဲ့ ပြောင်းလဲနေပါတယ်။ နည်းပညာသစ်တွေကို ဒီလိုသင်တန်းတွေမှာ အသုံးချနိုင်ဖို့လည်း အရေးကြီးပါတယ်။ ကျန်းမာရေး ကဏ္ဍကလည်း အရေးကြီးပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ကောင်းမွန်စွာ ပံ့ပိုးပေးရာမှာ စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်းကလည်း ဆက်လက်အရေးပါ နေမှာဖြစ်ပါတယ်။

**Ms. Ellen Goldstein**
**World Bank Regional Country Director**
**(Myanmar, Cambodia and Lao PDR)**

ဒီပွဲက မြန်မာနိုင်ငံနဲ့မြန်မာအစိုးရအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်နှစ်၊ သုံးနှစ်နဲ့ ငါးနှစ်အတွင်းမှာ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ ရှိလာတာကြောင့်ဖြစ်ပါတယ်။ တိကျတဲ့ ပန်းတိုင်မရှိရင် ရှေ့ဆက်ဖို့ အလွန်ခက်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဆိုတာကလည်း အလွန်အရေးကြီးပါတယ်။ အခုဆိုရင် အစိုးရက ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေ အောင်မြင်ဖို့ နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ နိုင်ငံတကာမိတ်ဖက်တွေဆီက အကြံဉာဏ် ရယူဆောင်ရွက်နေပါတယ်။

ကမ္ဘာ့ဘဏ်က မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပေါ် အာရုံစိုက် နေပါတယ်။ ၂၀၁၁ မှာ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးတွေ စလုပ်ကတည်းက ဈေးကွက်စနစ်အမျိုးမျိုးမှာ ဖြေလျှော့မှုတွေ ပြုလုပ်ခဲ့ပြီး တော်တော်လေး တိုးတက်လာခဲ့တယ်လို့ မြင်ပါတယ်။ မြန်မာဟာ နှစ်စဉ်ကုန်သွယ်ရေးနဲ့ ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးခဲ့ပြီး GDP ခုနစ်ရာခိုင်နှုန်း ရှိလာတဲ့ နောက်ဆုံး နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုမှာ ဈေးကွက်လျှော့ချမှုနဲ့ ငွေလုံးငွေရင်းရငွေမှာထင်သာတဲ့ တိုးတက်မှုတွေရှိခဲ့ပါတယ်။ ဒါကရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ အညွှန်းကိန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုတွေ အများကြီးရှိတဲ့ ပြုပြင်ပြောင်းလဲရေးကာလမှာ ဒီနေ့အချိန် အထိ တော်တော်လေးတိုးတက်မှုတွေရှိနေတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။

ဒီကနေ့ ထောက်ပြချင်တဲ့ အကြီးဆုံးစိန်ခေါ်မှုကတော့ နိုးနိုးကြားကြားနဲ့ ဆက်ထိန်းထားဖို့၊ မက်ခရိုစီးပွားရေးနဲ့ ရုပ်ပိုင်းဆိုင်ရာတည်ငြိမ်မှုကို ဆက်ထိန်း ထားဖို့ လိုတယ်လို့ထင်ပါတယ်။ မြင်သာတဲ့ တည်ငြိမ်မှုတွေရှိပါတယ်။ မြန်မာ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ လယ်သမားတွေကအစ အားလုံးပါဝင်မှုရှိတဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးဖို့၊ အရေးအကြီးဆုံးက ပုဂ္ဂလိကနဲ့ ဆက်စပ်နေတဲ့ ကဏ္ဍတွေကို ပြုပြင်ပြောင်းလဲဖို့ဖြစ်ပါတယ်။ နောက်တစ်ခု တလေးတစား ထောက်ပြချင်တာက အခြေခံအချက်တွေဖြစ်တဲ့ အခြေခံအဆောက်အအုံနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ ပိုချဲ့ဖို့၊ လမ်းပန်းဆက်သွယ်ရေး တိုးချဲ့တည်ဆောက် ဖို့ လိုအပ်နေသေးပါတယ်။

အရေးအကြီးဆုံးကတော့ မြန်မာနိုင်ငံအနေနဲ့ ကြိုးပမ်းလျက်ရှိတဲ့ တိုင်း ဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ တည်ငြိမ်အေးချမ်းဖို့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတော်တစ်ရပ်ဖြစ်အောင် ဘယ်လိုဖန်တီးမလဲ ဆိုတာပါပဲ။ ဖွံ့ဖြိုးတိုးတက်မှု က အလွန်အရေးကြီးပေမယ့် အခြေအနေက အလွန်ရှုပ်ထွေးပါတယ်။ တိုင်း ဒေသကြီး၊ ပြည်နယ်တွေနဲ့ ဒေသအသီးသီးမှာရှိတဲ့ အဖွဲ့အစည်းတွေအကြား ပြေလည်စေမယ့်အဖြေတွေ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်ပင်ဆွေးနွေးမှုတွေ ပြုလုပ်ပြီး အဖွဲ့အစည်းတွေကို ဦးတည်ထားတဲ့ စီမံကိန်းတွေ တကယ့်ကိုလိုအပ်ပါ တယ်။ ဒီထဲမှာ ခရီးသွားလာမှုတွေကိုပိတ်ပင်ထားတဲ့ ရခိုင်ဒေသလည်း ပါဝင်ပါ တယ်။ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတစ်လျှောက် ဒါက မြန်မာအစိုးရအတွက် ရခိုင်အရေးကိုဘယ်လိုကိုင်တွယ်ဖြေရှင်းနေသလဲ ပြသဖို့၊ ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ မစ္စတာ ကိုဖီအာနန်ကော်မရှင်ရဲ့ မှတ်ချက်တွေကို အကောင်အထည်ဖော်ဖို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ နိုင်ငံတကာကို ပြသဖို့ အခွင့်အရေးလို့ ထင်ပါတယ်။ ရခိုင်ပြည်နယ်မှာ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွေနဲ့ နေရပ်ပြန်လည်ပို့ဆောင်ရေးအတွက် နောက်ခြောက်လ၊ တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ်အတွင်းတိုးတက်မှုတွေရရှိဖို့ ရည်မှန်းချက်ကြီးပြီး ကျိုးကြောင်းဆီလျော်တဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့က တကယ့်ကို ရှင်းရှင်း လင်းလင်းပါပဲ။ ဒါကအရေးကြီးကိစ္စတွေထဲက တချို့ဖြစ်ပါတယ်။

စီးပွားရေးအောင်မြင်မှုတွေရဖို့ မြန်မာစဉ်ဆက်မပြတ် စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်ဖို့ အရေးကြီးပါတယ်။ ဒီစီမံကိန်းက အလွန်အရေးကြီး ပါတယ်။ ဆောင်ရွက်ရမယ့် စီမံကိန်းရာပေါင်းများစွာမှာ ရည်မှန်းချက်ငါးခုနဲ့ မဟာဗျူဟာ ၂၈ ခု ရှိပါတယ်။ ရည်မှန်းချက်တွေပြည့်ဝဖို့ စီမံခန့်ခွဲရေးပိုင်း ကိုစောင့်ကြည့်ရမှာက အစိုးရအတွက် အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါ လိမ့်မယ်။ နည်းဗျူဟာတစ်ခုစီရဲ့အညွှန်းကိန်းတွေကို စောင့်ကြည့်ဖို့နဲ့ နည်းဗျူဟာ အသီးအသီးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရလဒ်တစ်ခုစီကို ရှင်းလင်းပြတ်သားတဲ့ အမြင်တွေ၊ သုံးသပ်မှုတွေရရှိဖို့အတွက် အဆိုပါ ရည်မှန်းချက်ငါးရပ်နဲ့ နည်းဗျူဟာ ၂၈ ချက်ဟာ နိုင်ငံအတွက် တော်တော်လေးကောင်းပါတယ်။ ဒါမှသာကဏ္ဍအသီးသီးရဲ့ အောင်မြင်မှုက ဘာလဲဆိုတာ အစိုးရတစ်ရပ်လုံး၊ တစ်နိုင်ငံလုံးနဲ့ လုပ်ငန်းရှင်တွေကသိလာ မှာဖြစ်ပါတယ်။ အားလုံးကလည်း ရည်မှန်းချက်တွေပြည့်ဝဖို့ ဘယ်လိုအကောင် အထည်ဖော်ရမလဲဆိုတာနဲ့ပတ်သက်ပြီး ပြဿနာတွေကို အတူတကွ ဖြေရှင်း နိုင်မှာဖြစ်ပါတယ်။

လက်ရှိအစိုးရစတင်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်တွေနဲ့ပတ်သက်ပြီး နှစ်စဉ် GDP ခုနစ်ရာခိုင်နှုန်းလောက် တိုးနေပြီး တော်တော်လေး မြန်မြန်ဆန်ဆန် တက်လာနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ နိုင်ငံအတွင်း ငြိမ်းချမ်းရေးအယူဝါဒတွေနဲ့ ချိတ်ဆက်နေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေမှာ စိုးရိမ်မှုတချို့ရှိတာကလွဲပြီး တခြားကဏ္ဍတွေမှာ ကျသွားတာ မတွေ့ပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲမှုလျှော့ချရေး အတွက် အလားအလာကောင်းတွေ ရှိနေပါတယ်။ လူမှုဖူလုံရေးလုပ်ငန်းတွေလည်း လုပ်နေပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်ဘာတွေးမိသလဲဆိုတော့ နိုင်ငံတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုနှုန်းကို အရှိန်မြှင့်ဖို့ အလွန်အရေးကြီးတဲ့ မြန်မာ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းက တော်တော်လေးကောင်းမွန်မှု ရှိတယ်လို့ တွေးမိပါတယ်။ အကြောင်းအရာတွေအများကြီးကို အတော်လေး မြန်မြန်ဆန်ဆန် စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြုပြင်ပြောင်းလဲ မှုတချို့ဟာ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုထက် ပိုလွယ်ခဲ့တာကြောင့်ပါ။ အကောင်အထည်ဖော်ပြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပထမအဆင့် ပြုပြင် ပြောင်းလဲရေးလို့ခေါ်ပါတယ်။ ကျန်တာတွေက အကောင်အထည်ဖော်ဖို့ အတော်လေးခက်ခဲပါတယ်။ ဒါတွေကစိန်ခေါ်မှုတွေ ဖြစ်လာပါပြီ။ ယခု မြန်မာ အစိုးရက ဖွဲ့စည်းတည်ဆောက်မှု ဒေသတွင်း စီးပွားရေးအမြန်ဆုံးတိုးတက်လာ နိုင်မယ်လို့ ယုံကြည်ပါသလားဆိုတော့ ဖြစ်နိုင်ခြေရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မြန်မာက နောက်ကနေ ရှေ့တက်လာနေပါပြီ။ ရည်မှန်းချက်တွေ အောင်မြင်ဖို့ အဓိကအချက်က ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေးတွေ သေသေချာချာ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကိုဖြေဖို့ စောလွန်းပါသေးတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက ကောင်းကောင်း မွန်မွန် တိုးတက်နေတယ်လို့ ထင်ပါတယ်။ အထူးသဖြင့် နိုင်ငံအတွင်းရှိ အဖွဲ့အစည်းအားလုံးအတွက် စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးဖို့နဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်လာစေမယ့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ရည်ရွယ်လုပ်ဆောင်နေတယ်လို့ ထင်ပါတယ်။ ။

---

❖ စာမျက်နှာ ၆ မှ

နယ်နိမိတ်မျဉ်း၏ ဟိုဘက်ဒီဘက် သဘောတူ သတ်မှတ်ထားသည့် အကွာအဝေးအတွင်း လူပုဂ္ဂိုလ်များဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားချက်များရှိသည်။ တရုတ်နိုင်ငံနှင့်ဆိုလျှင် နယ်နိမိတ်မျဉ်း၏ ဟိုဘက်ဒီဘက် ၁၀ မီတာ အကွာအဝေးအတွင်း အဆောက်အအုံ မဆောက်လုပ်ရဇုန် (Non –Construction Zone) အဖြစ်သတ်မှတ်ထားသည်။ အိန္ဒိယနိုင်ငံနှင့်လည်း ၁၀ မီတာ အကွာအဝေးအတွင်း လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပေ ၁၅၀ အကွာအဝေးအတွင်းလည်းကောင်း အဆောက်အအုံ မဆောက်လုပ်ရဇုန် (Non –Construction Zone) အဖြစ် သဘောတူသတ်မှတ်ထားသည်။ လာအိုနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်မှာ မဲခေါင်မြစ် (ရေပြင်ဖြစ်၍) Non –Construction Zone သတ်မှတ်ထားခြင်းမရှိပေ။ ထိုင်းနိုင်ငံနှင့်မူ နှစ်နိုင်ငံ နယ်နိမိတ်သတ်မှတ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ မပြီးပြတ်သေးသည့်အတွက် ထိုသို့ သတ်မှတ်နိုင်ခြင်း မရှိသေးပေ။

၎င်းအဆောက်အအုံ မဆောက်လုပ်ရဇုန်ကို သဘောတူသတ်မှတ်ကြခြင်း၏ ရည်ရွယ်ချက်တွင် အဓိကအားဖြင့် နှစ်ချက်ရှိပေသည်။ နံပါတ်(၁)အချက်မှာ နယ်နိမိတ် မျဉ်းကြောင်း သွယ်တန်းမှုအပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရန်ဖြစ်ပြီး နံပါတ်(၂)အချက်မှာ နှစ်နိုင်ငံအငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပါက နယ်နိမိတ်မျဉ်းကြောင်းကို လွယ်လင့်တကူ ပြန်လည်ရှာဖွေနိုင်ရန်ဖြစ်ပေသည်။ မည်သူမျှ ဝင်ရောက်နေထိုင်ခြင်း မပြုစေသည့် သဘောတရားကို ကောက်ယူ၍ No Man’s Land ဟူ၍ အလွယ်ခေါ်တွင်နေကြခြင်းကြောင့် အကောက်အယူများ လွဲမှားလာနိုင်ပေသည်။ No Man’s Land ဟူသော စကားရပ်ကို နှစ်နိုင်ငံနယ်နိမိတ် အငြင်းပွားမှုများ ညှိနှိုင်းမရခြင်းကြောင့် နယ်နိမိတ်ကို တိတိကျကျ နှစ်ဖက်သဘောတူ သတ်မှတ်မရနိုင်သေးသော၊ တစ်နည်းအားဖြင့် နယ်နိမိတ် တိတိကျကျသတ်မှတ်နိုင်ခြင်းမရှိသေးသော အခြေအနေများတွင် မည်သည့် နိုင်ငံကမျှ ဝင်ရောက်ခြင်းမပြုရန် နှစ်ဖက်သဘောတူ ထားရှိသည့် နေရာမျိုးကို ဆိုလိုခြင်းဖြစ်သည်။

**နိုးမန်းလန်းန် နှင့် ဇီးရိုးလိုင်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များအရ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့် အဆောက်အအုံမျှ ဆောက်လုပ်ခွင့်မရှိသည့် အပြင် ဆောက်လုပ်နေမှုများ တွေ့ရှိပါက ပြန်ဖျက်ပေးရန် တာဝန်ရှိသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် နယ်နိမိတ်မျဉ်းအထိ သက်ရောက်သည်။ ဆိုလိုသည်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ် တစ်လျှောက် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာအဝေး အလွန်တွင် ခြံစည်းရိုးကာရံထားသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုသည် ခြံစည်းရိုးရှေ့ ပေ ၁၅၀ နယ်နိမိတ်မျဉ်းအထိ သက်ရောက်ခြင်းဖြစ်သည်။ အဆောက်အအုံ မဆောက်လုပ်ရဇုန်ကို No Man’s Land ဟု သုံးစွဲနေကြခြင်းမှာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိဘာသာ ကန့်သတ်သည့်သဘောမျိုး ဖြစ်နေသည့်အပြင် ထိုသို့ သုံးစွဲရန်လည်း ဥပဒေအရ လျော်ကန်မှုမရှိကြောင်း တွေ့ရှိရပေသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် “အဆောက်အအုံ မဆောက်လုပ်ရဇုန်(Non-Construction Zone) အား "No Man’s Land" အဖြစ် သုံးစွဲခြင်းမပြုကြဘဲ “နယ်နိမိတ်မျဉ်း (Boundary Line)”အဖြစ်သာ ခေါ်ဝေါ်သုံးစွဲကြရန် အထူး မီးမောင်းထိုး တင်ပြလိုပေသည်။

အလားတူ နှစ်နိုင်ငံအကြား သဘောတူသတ်မှတ်ထားသော “နယ်နိမိတ်မျဉ်း” (Boundary Line) ကိုလည်း ဇီးရိုးလိုင်း (Zero Line) ဟု ခေါ်တွင် သုံးစွဲနေသည်များလည်း မကြာခဏဆိုသလို တွေ့ရှိရပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးပွဲများတွင် မကြာခဏဆိုသလို ဇီးရိုးလိုင်းဟု ခေါ်တွင်သုံးနှုန်းကြသည်များလည်း တွေ့ရှိရသည်။ ဇီးရိုးလိုင်းဟူသော စကားရပ်မှာ နိုင်ငံတကာတွင် နယ်နိမိတ်မျဉ်းကိုပင် ရည်ညွှန်းခေါ်ဝေါ်လေ့ရှိကြသော်လည်း အထူးသတိပြုရန် မိမိနိုင်ငံ၏ နယ်နိမိတ်သဘောတူ စာချုပ်ပါ ဝေါဟာရများကိုသာ သုံးစွဲခေါ်တွင်ကြရန် အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏ နယ်နိမိတ်ဆိုင်ရာ သဘောတူညီချက်များတွင် “နယ်နိမိတ်မျဉ်း” (Boundary Line) ဟုသာ သုံးနှုန်းထားသဖြင့် နယ်နိမိတ်မျဉ်းဟုသာ သုံးနှုန်းရန်လိုအပ်သလို နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ၊ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများတွင်လည်း နယ်နိမိတ်မျဉ်းဟုသာ ထည့်သွင်းရန် အရေးကြီးလှပေသည်။

အလားတူ နှစ်နိုင်ငံအကြား နယ်နိမိတ်မျဉ်း တစ်လျှောက် နှစ်နိုင်ငံ ပူးတွဲကင်းလှည့်ခြင်းများနှင့် စပ်လျဉ်း၍လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၄၂)၊ ပုဒ်မခွဲ(ခ)ပါ **“နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု”** ဟူသော ပြဋ္ဌာန်းချက် အထူးသတိပြုရန် လိုအပ်ပေသည်။ မြန်မာဘာသာ စကားဖြင့် ပူးတွဲကင်းလှည့်ခြင်းဟု ဆိုသော်လည်း အင်္ဂလိပ်ဘာသာစကားဖြင့် ဘာသာပြန်သုံးနှုန်းကြရာတွင် Joint Patrol ဟုလည်းကောင်း၊ Coordinated Patrol ဟုလည်းကောင်း သင့်သလို သုံးစွဲတတ်ကြသည်။ အမှန်စင်စစ် Joint Patrol နှင့် Coordinated Patrol တို့ ဆောင်ရွက်မှုများမှာ များစွာကွဲပြားခြားနားသည်။ Joint Patrol၏ သဘောမှာ နှစ်နိုင်ငံတပ်ဖွဲ့များ အတူတကွ သွားလာလှည့်ပတ်၍ ကင်းလှည့်ခြင်းဖြစ်ပြီး သူ့နိုင်ငံ နယ်နိမိတ်အတွင်း မိမိတပ်ဖွဲ့များ ဝင်ရောက်သည်များ ရှိသလို မိမိနိုင်ငံနယ်နိမိတ်အတွင်း သူ့တပ်များ ဝင်ရောက်သည်များလည်း ရှိပေသည်။ Coordinated Patrol ဟူသည်မှာ သူ့နိုင်ငံဘက်ခြမ်းတွင် သူ့တပ်ဖွဲ့များ၊ မိမိနိုင်ငံဘက်ခြမ်းတွင် မိမိတပ်ဖွဲ့များ နယ်နိမိတ်မျဉ်းကို မကျော်စေဘဲ နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်းမျိုးကို ဆိုလိုသည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေအရ မည်သည့် နိုင်ငံနှင့်မဆို Joint Patrol ဆောင်ရွက်၍ မရဘဲ Coordinated Patrol သာ ဆောင်ရွက်နိုင်သည့် အနေအထားဖြစ်သည်။

**ဝေါဟာရအသုံးအနှုန်းများနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ**

နိုင်ငံတစ်နိုင်ငံ၏ အဓိက ဝိသေသလက္ခဏာမှာ ယင်းနိုင်ငံ၏ အချုပ်အခြာအာဏာပင် ဖြစ်သည်။ နိုင်ငံရေးအချုပ်အခြာအာဏာ (Political Sovereignty) ဟူသည်မှာ ယင်းနိုင်ငံ၏ နယ်နိမိတ်များအတွင်း နိုင်ငံတော်အစိုးရက အထွတ်အထိပ်နှင့် အကြွင်းမဲ့ အခွင့်အာဏာရှိခြင်းကို ဆိုလိုသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်မှုကို (၁) နိုင်ငံ၏နယ်နိမိတ်၊ (၂) ထိုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်သည့် ပြည်သူ၊ (၃) ထိုနယ်နိမိတ်အတွင်းရှိ ပြည်သူများကို အုပ်ချုပ်သော အစိုးရဟူသည့် အင်္ဂါရပ် သုံးရပ်ဖြင့် ကိုယ်စားပြုလေ့ရှိသည်။ နယ်နိမိတ်မျဉ်းများကို အခြေပြု၍ မြေပြင်ပိုင်နက်၊ ဝေဟင်ပိုင်နက်၊ ရေပြင် ပိုင်နက်တို့ကို သတ်မှတ်ကြခြင်းဖြစ်ရာ ကမ္ဘာ့သမိုင်းကြောင်းတစ်လျှောက် နိုင်ငံများသည် ကျူးကျော်စစ် ပြု၍ဖြစ်စေ၊ ငွေကြေး စသည်အားဖြင့် ဝယ်ယူ၍ ဖြစ်စေ၊ ဆွေးနွေးညှိနှိုင်း၍ဖြစ်စေ နိုင်ငံ့နယ်နိမိတ်များကို ချဲ့ထွင်သတ်မှတ်ခဲ့ကြသည်။ နယ်နိမိတ်နှင့်ပတ်သက်၍ နိုင်ငံအချင်းချင်းအကြား အငြင်းပွားမှုများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိပြီး တင်းမာမှုများ အမြင့်ဆုံးသို့ ရောက်ရှိသွားသည့် အခြေအနေမျိုးတွင် စစ်မက်ပြုသည့် အဆင့်အထိ ရောက်ရှိသွားသည်များလည်း ရှိပေသည်။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေ နယ်နိမိတ်ကို အသက်ပေါင်းများစွာစတေးပြီး ကာကွယ်ထိန်းသိမ်းရသည်ဟု ဆိုကြသည်။

သို့ဖြစ်၍ ဝေါဟာရအသုံးအနှုန်းများကို အလွယ်တကူ ခေါ်တွင်သုံးစွဲခြင်းကြောင့် အမှားကြာ အမှန်ဖြစ်ကာ နှုတ်ကျိုးခြင်း၊ ခေါ်နေကျခြင်း စသည်တို့အားဖြင့် ပိုင်နက်နယ်မြေဆုံးရှုံးနစ်နာမှုများ အရှည်သဖြင့် မဖြစ်ပေါ်စေရေး အထူးသတိပြုနိုင်ကြပါရန် မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

***[အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ဤဆောင်းပါးဖြင့် ဂါရဝပြုပါသည်။]***



## ကောလာဟလ သတင်းအမှားဖြင့် ဖြတ်ကျော်လျက်ရှိသည့် လိုင်စင်မဲ့ယာဉ်များကို သိမ်းဆည်း

**ကျိုက်ထို ဖေဖော်ဝါရီ ၂၆**
မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်မှုများကို ထိန်းချုပ်တားဆီးလျက်ရှိရာ ယခုအချိန်တွင် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို မှတ်ပုံတင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကောလာဟလ သတင်းအမှားများ ထွက်ပေါ်နေသည့်အတွက် ကျိုက်ထိုမြို့နယ်ကို ဖြတ်ကျော်လျက်ရှိသည့် လိုင်စင်မဲ့ယာဉ်များကို မရမ်းချောင်အမြဲတမ်းပူးပေါင်းစစ်ဆေးရေးစခန်းက တားဆီးသိမ်းဆည်းလျက်ရှိသည်။

ယင်းသို့ သိမ်းဆည်းရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၅ ရက်အထိ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၇ စီးနှင့် မော်တော်ဆိုင်ကယ် လေးစီးကို သိမ်းဆည်းရရှိခဲ့သည်။

သိမ်းဆည်းရမိသည့် ယာဉ်များမှာ မော်တော်ဆိုင်ကယ် လေးစီးနှင့် လုပ်ငန်းသုံး မော်တော်ယာဉ် တစ်စီး၊ အိမ်သုံးမော်တော်ယာဉ် ၁၆ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁ သိန်းကျော်ခန့် သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိသည့် ယာဉ်များနှင့် ပတ်သက်၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၃၈ စီး၊ သွင်းကုန် ၈၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၇၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၂၈၅ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့် TOYOTA LANDCRUISER ယာဉ်တစ်စီးနှင့် TOYOTA HILUX ယာဉ်တစ်စီးတို့ကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါလိုင်စင်မဲ့ ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ကျောက်ပြားများ တင်ဆောင်လာသော ၂၂ ဘီးယာဉ် တိမ်းမှောက်

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၆**
ကရင်ပြည်နယ် ကော့ကရိတ်မြို့ အာရှလမ်းမကြီး နတ်စင်ကွေ့အနီး ကီလိုမီတာ (၁၅၄)နှင့် (၁၅၅)အကြားတွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်က မြဝတီမှ ကော့ကရိတ်သို့ ယာဉ်မောင်း အောင်သူထွေး (၃၂) နှစ် မောင်းနှင်ပြီး ဇော်မျိုးထိုက်နှင့် ကလောတို့နှစ်ဦး လိုက်ပါလာသော မျက်နှာကြက်ကျောက်ပြားများ တင်ဆောင်ထားသည့် ၂၂ ဘီးတွဲယာဉ်သည် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကလောဆိုသူမှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး အောင်သူထွေးနှင့် ဇော်မျိုးထိုက်တို့တွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိသဖြင့် ယာဉ်မောင်း အောင်သူထွေးအား ကော့ကရိတ်မြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**




## အင်းတော်ကြီး ဘုရားဖူး စက်လှေတိမ်းမှောက်မှုကြောင့် ကျောင်းသား ကျောင်းသူ ကိုးဦး သေဆုံးမှုဖြစ်ပွား

**မိုးညှင်း ဖေဖော်ဝါရီ ၂၆**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးဒေသ ရွှေမဥ္ဇူရေလယ်စေတီတော်ကြီး၏ (၁၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅ နာရီက ဘုရားဖူးစက်လှေတစ်စင်း တိမ်းမှောက်မှုကြောင့် စက်လှေစီးနင်းလိုက်ပါလာသည့် ကျောင်းသား ကျောင်းသူ ကိုးဦး သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းတော်ကြီး ရွှေမဥ္ဇူစေတီတော်ကြီး ဘုရားဖူးပြီးအပြန် မိုးညှင်းမြို့နေ စက်လှေမောင်း ဦးမောင်ဦး (၅၆)နှစ်၊ ဆရာမ ဒေါ်သန်းသန်းစိုး (၃၀) နှစ်နှင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့ လိုက်ပါသည့် စက်လှေမှာ ညောင်ပင်ကျေးရွာနှင့် နီးဘုရားအကြား လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေတိမ်းမှောက်သွားခဲ့သည်။ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားပွဲတော် ဖြစ်မြောက်ရေးကော်မတီ တာဝန်ရှိသူများ ပူးပေါင်း၍ အင်အား ၄၀ ကျော်က စက်လှေသုံးစင်းဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ စက်လှေမောင်း ဦးမောင်ဦး၊ ဆရာမ ဒေါ်သန်းသန်းစိုး အပါအဝင် ကိုးဦးအား ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး လုံးတုံးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အပြင် လုံးစန့်အခြေခံပညာအထက်တန်းကျောင်းခွဲမှ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်အောင်မျိုးဝင်း(၁၄)နှစ်၊ မသဲသဲမူ(၁၄)နှစ်၊ မပြည့်ဖူးသော်(၁၄)နှစ်၊ မအေးမြတ်နိုးသူ (၁၄)နှစ်၊ မမိုးမြင့်သူ (၁၄)နှစ်၊ မအိအိမွေး (၁၄)နှစ်၊ မမျိုးသန္တာထွန်း(၁၄)နှစ်၊ မအိဖြိုးခိုင်(၁၄)နှစ်၊ စက်လှေပိုင်ရှင်၏သမီး မနွယ်နွယ်ဝင်း (၂၈)နှစ်တို့အား ရေအောက်အနက် ပေ ၃၀ ခန့်မှ သေဆုံးလျက် ရှာဖွေဆယ်ယူရရှိခဲ့ပြီး လူမှုကူညီရေးအသင်းအဖွဲ့များက ပို့ဆောင်ကူညီခဲ့ကြသည်။

ဖြစ်စဉ်ကြောင့် စက်လှေမောင်းနှင်သူအား လုံးတုံးနယ်မြေရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျပ်သိန်း ၅၁၀ ခန့်ရှိ စိတ်ကြွဆေးပြားပေါင်း ၁၇၀၀၀ တွေ့ရှိ

**သာစည် ဖေဖော်ဝါရီ ၂၆**
သာစည်မြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မယ်ဇလီကန်ကျေးရွာ ရွာအဝင် ဇရပ်ပေါ်တွင် ကန်ဘို 110 အနက်ရောင် ဆိုင်ကယ် ၅၇ယ/------ ဖြင့် ရောက်ရှိနေကြသည့် သန်းထိုက်နှင့် မခင်နှင်းဆီတို့ နှစ်ဦးကို ရှာဖွေရာ မခင်နှင်းဆီ ကိုင်ဆောင်ထားသော ပလတ်စတစ်ခြင်းတောင်းထဲရှိ ချည်လွယ်အိတ်အတွင်းမှ ၈၈ နှင့် ၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ ရှစ်ထုပ် စုစုပေါင်း ဆေးပြား ၁၆၀၀၀၊ ဆေးပြား ၂၀၀ စီပါ တစ်ထုပ် စုစုပေါင်း ပန်းရောင်စိတ်ကြွဆေးပြား ၁၇၀၀၀ (အလေးချိန် ၁ ဒသမ ၇ ကီလိုဂရမ်ခန့်) ကာလတန်ဖိုး ငွေကျပ်သိန်း ၅၁၀ နှင့်အတူ တွေ့ရှိသဖြင့် သန်းထိုက်နှင့် မခင်နှင်းဆီတို့အား မြို့မရဲတပ်ဖွဲ့စခန်းက အရေးယူထားကြောင်း သိရသည်။



**မောင်ကို(သာစည်)**

# မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၇-၂-၂၀၁၈ (အင်္ဂါနေ့)**

၅:၀၀ - အဖွင့်
- သာယာငြိမ့်အေးမင်္ဂလာတေး
၅:၁၅ - ပြည်သူ့နီတိ “စိတ်ဒဏ်ရာအပေါက်များ”
၅:၃၀ - ဆန်းသစ်လှပ မြန်မာ့အက
၅:၄၀ - Alaungdaw Kathapa
၆:၀၀ - Coconut Shell Artist
၆:၂၅ - Chef Life Fabein Simon
၆:၄၅ - Products of Myanmar - Pottery Business
၇:၀၅ - Surprise Meals
၇:၃၀ - ပြည်သူ့နီတိ “စိတ်ဒဏ်ရာအပေါက်များ”
၇:၄၅ - ရင်ထဲစွဲထင် တေးဂန္ထဝင်
၈:၀၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း- ၈၃)
၈:၃၅ - MRTV Entertainment Music
၉:၀၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း-၁၆၅)
၉:၃၀ - နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉:၄၀ - ကာတွန်းအစီအစဉ် " Storm Rider"
၁၁:၂၀ - Surprise Meals
၁၁:၄၀ - မြန်မာဗီဒီယိုဇာတ်လမ်း “အငြိတစ်ချက်မှာ အသက်ပါသွားတယ်”
၂:၃၀ - Law of Jungle (Ep-249)
၃:၁၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ -ဆုံစည်းခဲ့လေသူ (အပိုင်း-၈၃)
၃:၄၅ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ-တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း (အပိုင်း-၁၆၅)
၄:၁၅ - မြန်မာဗီဒီယိုဇာတ်လမ်း “ကြိုးတစ်ချောင်း၏ သိက္ခာတရား”
၅:၃၀ Cartoon "Chhota Bheem (Episode108)"
၆:၀၀ - Law or Jungle (Ep-250)
၆:၄၅ - MRTV Entertainment Music
၇:၀၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း- ၈၄)
၇:၃၅ - MRTV Entertainment Music
၇:၅၅ Now in Yangon
၈:၀၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း- ၁၆၆)
၈:၃၀ - Game Show "10 to Million Myanmar" (Epi- 85)
၉:၂၀ - နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉:၃၀ - မြန်မာဗီဒီယိုဇာတ်လမ်း “ချူစားမယ်”
၁၁:၄၅ - Alaungdaw Kathapa

**၂၈-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

၀၀:၀၅ - Coconut Shell Artist
၀၀:၃၀ - ကာတွန်းအစီအစဉ် " Storm Rider"
၂:၁၀ - နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၄)
၂:၄၀ - ဆန်းသစ်လှပ မြန်မာ့အက
၂:၅၀ - ရင်ထဲစွဲထင် တေးဂန္ထဝင်
၃:၀၀ - ပြည်သူ့နီတိ “စိတ်ဒဏ်ရာအပေါက်များ”
၃:၁၅ Surprise Meals
၃:၃၅ သာယာငြိမ့်အေးမင်္ဂလာတေး
၃:၄၅ မြန်မာဗီဒီယိုဇာတ်လမ်း “ကြိုးတစ်ချောင်း၏ သိက္ခာတရား”
၅:၀၀ - အစီအစဉ်ပြီး၏။

# ပြုံချမ်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**
တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း အိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် အိုလံပစ်အားကစားပြိုင်ပွဲ အားကစားကွင်းကြီး၌ ပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားတွင် ကိုရီးယားနှစ်နိုင်ငံ အားကစားသမားများ စုပေါင်းချီတက်ပုံကို ထပ်မံမြင်တွေ့ခဲ့ရကြောင်း မီဒီယာများက ရေးသားဖော်ပြကြသည်။ နှစ်နိုင်ငံအားကစားသမားများ ချီတက်လာစဉ် ပရိသတ်များက 'နှစ်နိုင်ငံမဟုတ်၊ တစ်နိုင်ငံတည်း' ဟု ချီးမွမ်းသြဘာပေးခဲ့ကြသည်။



ပြုံချမ်း အိုလံပစ်အားကစားပြိုင်ပွဲသည် တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုများ မြင့်တက်ချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့သော် ပြုံချမ်းအားကစားပြိုင်ပွဲတွင် ကိုရီးယားနှစ်နိုင်ငံအားကစားသမားများ စုပေါင်းကာ အားကစားပြိုင်ပွဲများတွင် အနိုင်ယူအောင်ပွဲဆင်နိုင်ရန် ပူးပေါင်းကြိုးစားခွင့် ရရှိခဲ့သည့်အတွက် အဆိုပါအားကစားပြိုင်ပွဲသည် နှစ်နိုင်ငံအကြား ဆက်ဆံရေး ကောင်းမွန်စေရန် ပေါင်းကူးပေးခဲ့ပြီ ဖြစ်သည်။

ပြုံချမ်း အိုလံပစ် အားကစားပြိုင်ပွဲပိတ်ပွဲ အခမ်းအနားသို့ ပရိသတ် ၃၅၀၀၀ ကျော် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ တက်ရောက်သူများအနက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏သမီး အီဗန်ကာထရန့်လည်း ပါဝင်ခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ အမျိုးသမီး ဟော်ကီအားကစားသမားများသည် နှစ်နိုင်ငံကိုယ်စားပြုသည့် အလံတစ်ခုတည်းကိုသာ ကိုင်ဆောင်ကာ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်သာမက ပိတ်ပွဲအခမ်းအနားတွင်ပါ စုပေါင်းချီတက်ခဲ့ကြသည်။

အဆိုပါအားကစားပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညီမ ဖြစ်သူ ကင်ယိုဂျောင် အပါအဝင် အရာရှိကြီးများနှင့် သံစုံတီးဝိုင်းအဖွဲ့ဝင်များ လာရောက်ကာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်က တောင်ကိုရီးယား သမ္မတ မွန်းဂျေအန်နှင့် တွေ့ဆုံခဲ့သည်။

**ဖျော်ဖြေ**

ပိတ်ပွဲအခမ်းအနားကို ရောင်စုံမီးများ ထိန်လင်းကာ မီးရှူးမီးပန်းများဖြင့် လှပခံ့ညားစွာ ကျင်းပခဲ့သည်။ ကိုရီးယား အကအဖွဲ့များ၊ အဆိုတော်များ၊ ရုပ်သေးအဖွဲ့များ စသည့် ရိုးရာ ယဉ်ကျေးမှုအဖွဲ့သားများက ဖျော်ဖြေခဲ့ကြသည်။

ပြုံချမ်း အိုလံပစ်အားကစားပွဲတော်ပြီးနောက် ၂၀၂၀ ပြည့်နှစ် နွေရာသီ အားကစားပွဲတော်ကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ပြုံချမ်းအားကစားပွဲတော်အတွင်း ရရှိခဲ့သည့် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်မှုကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်ကွန်မြူနစ်ပါတီမှ အဆင့်မြင့် တာဝန်ရှိသူတစ်ဦး အမေရိကန်နိုင်ငံသို့ သွားရောက်မည်

**ပေကျင်း ဖေဖော်ဝါရီ ၂၆**
အမေရိကန်အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးဖြစ်သည့် လျူဟေးသည် အမေရိကန်ပြည်ထောင်စုသို့ဖေဖော်ဝါရီ ၂၇ မှ မတ် ၃ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

**ထုတ်ပြန်**

တရုတ်အဆင့်မြင့် တာဝန်ရှိသူ လျူ၏ ခရီးစဉ်အတွင်း တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာများတွင် အမြင်ချင်းဖလှယ်ကြမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုကောင်က နေ့စဉ်သတင်းထုတ်ပြန်ရာတွင် ပြောကြားခဲ့သည်။

လျူသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟိုဦးဆောင်အဖွဲ့ရုံးချုပ်၏ ညွှန်ကြားရေးမှူးလည်းဖြစ်သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ အိုကီနာဝါ လေဆိပ်တွင် အဲအေးရှား လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

တိုကျို ဖေဖော်ဝါရီ ၂၆
မလေးရှားနိုင်ငံမှ စျေးနှုန်းချိုသာသော လေကြောင်းလိုင်းဖြစ်သည့် အဲအေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၆ ရက်က အင်ဂျင်ချွတ်ယွင်းမှုကြောင့် ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ နာဟာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဂျပန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဦးတည်ပျံသန်းလာသည့် ခရီးသည်နှင့် လေယာဉ်အမှုထမ်းစုစုပေါင်း ၃၇၉ ဦးလိုက်ပါလာသည့် လေယာဉ်သည် ဟာနာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ပြီး လေယာဉ်တွင်လိုက်ပါလာသူ တစ်စုံတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် အဆိုပါလေယာဉ်၏ လက်ယာဘက်အင်ဂျင်မှ ပြဿနာရှိကြောင်း ညွှန်ပြလာသည့်အတွက် လေယာဉ်မှူးက ချွတ်ယွင်းမှုဖြစ်ပေါ်နေသည့် အင်ဂျင်အား ပိတ်ကာ မြေပြင်သို့ အရေးပေါ်ဆင်းသက်မည်ဟု ကြေညာခဲ့သည်။

ယင်းလေယာဉ်သည် တိုကျိုမြို့ ဟာနေဒါလေဆိပ်မှ ပျံသန်းခဲ့ခြင်းဖြစ်ပြီး အိုကီနာဝါကျွန်းရှိ ဟာနာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ဆင်းသက်ခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဒေသဆိုင်ရာရုံးက ပြောကြားသည်။ ဆင်ဟွာ

# အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်း လေတပ် စီးနင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယားအရှေ့ပိုင်း ဒီယာအယ်လ်ဇောပြည်နယ်တွင် အရပ်သား ၂၅ ဦးသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၆**
ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ ဒီယာအယ်လ်ဇောပြည်နယ်တွင် အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်တိုက်ဖျက်ရေး ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၂၅ ဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားအရေး စောင့်ကြည့်လေ့လာသည့်အဖွဲ့က ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပြောကြား**

အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) လက်တွင်း နောက်ဆုံးကျန်ရှိနေသောဒေသဖြစ်သည့် ယူဖရေးတီးစ်မြစ် အရှေ့ဘက်ကမ်းရှိဒေသအားပစ်မှတ်ထားကာ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့က ပြောကြားသည်။

ယင်းလေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးရသူများ၏ ထက်ဝက်ခန့်မှာ ကလေးငယ်များဖြစ်ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ထိုစဉ်အတွင်း ဆီးရီးယားအစိုးရပိုင် ဆာနာသတင်းဌာနက ထုတ်ပြန်သည့်သတင်းတွင် ယင်းလေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးရသူဦးရေမှာ ၂၉ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ များစွာရှိကြောင်း အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့မှ လေယာဉ်များက ဒီယာအယ်လ်ဇောပြည်နယ် အတွင်းရှိ ပြည်နယ်မြို့တော် အရှေ့ဘက်တောင်ပိုင်းဒေသရှိ ရှူဖွန်နှင့် ဇာဟာရက်မြို့များအား စီးနင်းတိုက်ခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ထောက်ခံမှုပေး**

အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား ယူဖရေးတီးစ်မြစ်



အရှေ့ဘက်ကမ်းခြေမှ ထွက်ခွာသွားရေးအတွက် တိုက်ခိုက်မှုများပြုလုပ်နေသည့် ကာဒစ်လက်နက်ကိုင်များဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) အား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက ထောက်ခံမှုပေးလျက်ရှိသည်။ ယင်းဒေသသည် ဆီးရီးယားနိုင်ငံ၏ အဓိကကျသော ရေနံနှင့် သဘာဝဓာတ်ငွေ့နယ်မြေများတည်ရှိသည်။ **ဆင်ဟွာ**

# (၆၉)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့(ဒဲဉ်သီးလာဖွေ) ပွဲတော်အားကြိုဆိုဂုဏ်ပြု

**နန်းဦးခမ်း(ဟိုပုံး)**

ပအိုဝ်းတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအရှေ့ဘက်နယ်စပ်ဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအလယ်ပိုင်းတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိသည်။ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတွင်လည်း ပျံ့နှံ့နေထိုင်လျက်ရှိကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပအိုဝ်းတိုင်းရင်းသားတို့ အများဆုံးနေထိုင်သောမြို့နယ်များမှာ တောင်ကြီး၊ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ ကလော၊ လွိုင်လင်၊ ပင်းတယ၊ နမ့်စန်၊ ညောင်ရွှေ၊ ရွာငံ၊ ရပ်စောက်၊ ဖယ်ခုံ၊ မောက်မယ်၊ မိုင်းကိုင်၊ မိုင်းပန်၊ မိုးနဲ၊ လဲချားစသည်တို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းတွင် တောင်ငူခရိုင် ဇရပ်ကြီးဒေသ၊ ပဲခူးခရိုင်၊ သထုံခရိုင်၊ ဘားအံ၊ ကော့ကရိတ်စသည့် ဒေသများတွင်လည်း အများဆုံး ပျံ့နှံ့နေထိုင်လျက် ရှိကြသည်။

**မိမိတို့လူမျိုးကို ပြန်လည်မှတ်တမ်းတင်**

အမျိုးသားနေ့သည် လူတိုင်းအဖို့ ထူးခြားသည့်နေ့ထူးနေ့မြတ် တစ်ရက်ပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အမျိုးသားနေ့ဟူသည် မိမိတို့လူမျိုးကို ပြန်လည်မှတ်တမ်းတင်ခြင်းပင် ဖြစ်သည်။ အမျိုးသားနေ့သည် ပင်လျှင် ဇာတိသွေး၊ ဇာတိမာန် စိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသော စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် လှုံ့ဆော်ပေးသည့် နေ့တစ်နေ့ပင်ဖြစ်ပေသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ ထူးခြားသည့် သမိုင်းအစဉ်အလာကို အကြောင်းပြု၍ "ဒဲဉ်သီးလာဖွေ" တပေါင်းလပြည့်နေ့ရောက်တိုင်း "ပအိုဝ်းအမျိုးသားနေ့" ကို နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည်။ ပအိုဝ်းအမျိုးသားနေ့နှင့် ပတ်သက်၍ ဖော်ပြရလျှင် ပအိုဝ်းတိုင်းရင်းသားတို့သည် ကျေးဇူးတရားသိရှိမှု၊ နားလည်သဘောပေါက်မှုစသော ဗုဒ္ဓဘာသာ၏ အဆုံးအမကို လေးစားယုံကြည်စွာနှလုံးသွင်းကြသူများဖြစ်ပြီး အမျိုးသားနေ့သည် မိမိတို့လူမျိုး ဘိုးဘွားမျိုးနွယ်ဆက်များ၏ ကျေးဇူးတရားကို အောက်မေ့သတိရသည့်စိတ် တဖွားဖွား ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် အမျိုးသားနေ့သည် ကျေးဇူးတရားကို သိမှုမှ စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်၊ မဟာသက္ကရာဇ် (၃)နှစ် တပေါင်းလပြည့် (စနေနေ့) လဝင်၊ နေထွက်၊ လရောင်နေရောင် ထွန်းပြောင်ထိန်လင်း ရောယှက်သောအချိန်တွင် မင်းတစ်ပါးဖွားမြင်ခဲ့သည်။ ထိုမင်းသည် လဝင်နေထွက်အချိန်တွင် မွေးဖွားသဖြင့် သူရိယ စန္ဒာမင်းဟုခေါ်တွင်ပြီး ပအိုဝ်းတိုင်းရင်းသားတို့၏ တောက်ပသောခေတ်ကာလကို ဖန်တီးပေးခဲ့၏။ သထုံမြို့ရှိ လေးဆူဓာတ်ပုံ ရွှေစာရံစေတီတော်ကို တည်ခဲ့သည့် သာသနာ့ဒါယကာ မင်းမြတ်ဖြစ်၏။ ဤကျေးဇူးတရားများကို အောက်မေ့သောအားဖြင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော သူရိယစန္ဒာမင်း၏ မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့ကို "ပအိုဝ်းအမျိုးသားနေ့" "ဒဲဉ်သီးလာဖွေ" အဖြစ် သတ်မှတ်ကြခြင်းဖြစ်ပေသည်။

**ကောက်ဦးတင်ပူဇော်**

ထို့ပြင် ပအိုဝ်းတိုင်းရင်းသားတို့သည် လယ်ယာခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး လုပ်ငန်းခွင်ပြီးစီးသည့် တပေါင်းလတွင် ကောက်ဦးတင်ပူဇော်ပွဲကို ကျင်းပကြသည်။ ကောက်ဦးတင် ပူဇော်ပွဲတွင် ဗုဒ္ဓရှင်တော်နှင့်ဆွေတော်မျိုးတော် မိအိုဖအို အကြီးအကဲများကို ဆွမ်းဦးကပ်လှူပြီး ကောက်ဦးကျွေးမွေးကာပွဲများ ကျင်းပခဲ့ကြသည်။ အဆိုပါကောက်ဦးတင် ပူဇော်ပွဲတွင် တောင်ပေါ်မြေပြန့် ရပ်ဝေးရပ်နီး မိတ်ဆွေများ တစ်နှစ်တစ်ကြိမ် တွေ့ဆုံခွင့်ရခဲ့ကြသည်ကို သိရှိရသည်။ ထို့ကြောင့် တပေါင်းလပြည့် (ဒဲဉ်သီးလာဖွေ)နေ့ ရောက်တိုင်း ရွှေစာရံဘုရားကုန်းမြေတွင် ဘုရားကို ကောက်ဦးပူဇော်ပွဲ၊ ဆွေမျိုးတွေ့ဆုံပွဲ ပြုလုပ်ရာမှ ပအိုဝ်းအမျိုးသားနေ့ ပေါ်ပေါက်လာခဲ့ရပါသည်။

ပအိုဝ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယနေ့ထိ (၆၉)ကြိမ်မြောက် ရောက်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ပအိုဝ်းအမျိုးသားနေ့ကို သာမန်ကျင်းပခြင်းမျိုး မဟုတ်ဘဲ ပိုမိုကျယ်ပြန့် သစ်လွင်သည့်အဓိပ္ပာယ်

ပအိုဝ်းတိုင်းရင်းသားတို့သည် ကျေးဇူးတရားသိရှိမှု၊ နားလည်သဘောပေါက်မှု စသော ဗုဒ္ဓဘာသာ၏ အဆုံးအမကို လေးစားယုံကြည်စွာ နှလုံးသွင်းကြသူများဖြစ်ပြီး အမျိုးသားနေ့သည် မိမိတို့လူမျိုး ဘိုးဘွားမျိုးနွယ်ဆက်များ၏ ကျေးဇူးတရားကို အောက်မေ့သတိရသည့်စိတ် တဖွားဖွား ပေါ်ပေါက်လာ ...



နှင့် အနှစ်သာရကို ဆောင်ယူမည့် နေ့ထူးရက်မြတ်အဖြစ် ပြောင်းလဲကျင်းပလာသည်ကို တွေ့ရှိရပါသည်။ သူရိယစန္ဒာမင်း ဖွားမြင်သော တပေါင်းလပြည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းလူမျိုးအများစုနေထိုင်ရာ ပြည်တွင်းရော၊ ပြည်ပမှာပါ ကျင်းပလျက်ရှိသည်။ ပအိုဝ်းလူမျိုး ခေါင်းဆောင်အဆက်ဆက်နှင့် ပအိုဝ်းပြည်သူ လူထုတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၅၆)အရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ နောင်တရားမြို့နယ်များဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ပအိုဝ်းဒေသတွင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းမြတ်ခြင်း အသီးအပွင့်ကို ပအိုဝ်းဒေသနေပြည်သူတိုင်း ခံစားခဲ့ကြရပြီ ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပ**

ယခင်က ရန်ကုန်တက္ကသိုလ်နယ်မြေနှင့် မန္တလေးတက္ကသိုလ်နယ်မြေတို့တွင် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို တက္ကသိုလ်များ၊ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီက နှစ်စဉ်နှစ်တိုင်း ဦးစီးပြီး ကျင်းပခဲ့သည်။ ယခုအခါ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေး(ဒဲဉ်သီးဖွေ)ကွင်းတွင် ခမ်းနားကြီးကျယ်စွာဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယခု (၆၉)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကိုလည်း ၂၀၁၈ ခုနှစ် မတ်လ ၁ ရက်နေ့ (တပေါင်းလပြည့်နေ့) တွင် ကျင်းပရန်အတွက် ပအိုဝ်းအမျိုးသားနေ့ ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ဦးဆောင်၍ ဆပ်ကော်မတီ ၄၈ ခုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများမှ ပေးပို့သော သဝဏ်လွှာများ ဖတ်ကြားခြင်း၊ ပအိုဝ်းအမျိုးသားအလံတော်ကို ကိုင်ဆောင်သောအဖွဲ့က ကွင်းထဲသို့ချီတက်ကာ ပအိုဝ်းအမျိုးသားအလံတော်ကို လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံ၊ ကျဆုံးလေ ပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကိုတက် ရောက်လာကြသည့် ပရိသတ်များက တညီတညွတ်တည်း အလေးပြုခဲ့ကြသည်ကို မျက်မြင်တွေ့ရှိရပေသည်။

**ရိုးရာဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်**

ပျော်ပွဲရွှင်ပွဲဖြစ်သည့် အားကစားပြိုင်ပွဲ၊ ပအိုဝ်းရိုးရာအကပဒေသာပြိုင်ပွဲ၊ ပအိုဝ်းအမျိုးသမီး လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ ပအိုဝ်းစာပေနှင့်ပန်းချီပြိုင်ပွဲများ၊ ပညာပေးပြခန်းများ၊ အလှူပဒေသာပင် စီတန်းလှည့်လည်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူ ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းလူမျိုးများ နေထိုင်ရာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြည်ပတွင် မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယားရှိ ပအိုဝ်းတိုင်းရင်းသားလူမျိုးများကလည်း စည်စည်ကားကား ကျင်းပကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှု ပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကွဲပြားခြားနားသည့် ပထဝီဒေသ အသီးသီးတွင် ရှိကြသည့် တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ဘာသာဓလေ့ အသီးသီးကို အမြတ်တနိုး ကျင့်သုံးနေထိုင်ကြရင်း တိုင်းရင်းသားလူမျိုးအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များကို တိုင်းရင်းသားပြည်သူအပေါင်းမှ ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။

ရှမ်းပြည်နယ်ကြီး၏ အနာဂတ်ရှေ့ခရီးမှာ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ပအိုဝ်းတိုင်းရင်းသားများ အပါအဝင် ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်နှင့် ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် (၆၉)ကြိမ်မြောက် 'ပအိုဝ်းအမျိုးသားနေ့"ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။

**ကိုးကား- ပြည်ထောင်စုထဲက ပအိုဝ်း**

## မိုင်းရှာမြို့တွင်ကျင်းပသည့် စတုတ္ထအကြိမ် လူထုစုပေါင်းစက်ဘီးစီးပွဲတွင် ဝါသနာရှင် ၂၀၀ ကျော်ပါဝင်ဆင်နွှဲ

**မိုင်းရှာ ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီက မိုင်းရှာမြို့ တိုင်းဒေသကြီး အားကစားကွင်းအရှေ့ ဗိုလ်ချုပ်လမ်းမပေါ်တွင် ကျင်းပရာ စက်ဘီးဝါသနာရှင် ၂၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

လူငယ်လူရွယ်များ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးကို အထောက်အကူဖြစ်သည့် အားကစားကို စိတ်ပါဝင်စားလာစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်၊ မူးယစ်ဆေးဝါးအလွဲသုံးမှုကိုပပျောက်စေရေးပညာပေးလှုပ်ရှားမှုဆောင်ရွက်ရန်နှင့် စုပေါင်းလုပ်ဆောင်သည့်အလေ့အကျင့်ကောင်းရရှိစေရန်အတွက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်နိုင်ဆွေ၏ ပြောကြားချက်အရ သိရသည်။

"လူငယ်တွေအတွက် အကျိုးရှိစေတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ လုပ်ဆောင်တာပါ၊ လူထုစက်ဘီးစီးပွဲကို မိုင်းရှာမြို့မှာ တစ်လတစ်ကြိမ်နှုန်းနဲ့ လှုပ်ရှားဆောင်ရွက်ခဲ့တာ အခုဆိုရင် စတုတ္ထအကြိမ်ကျင်းပတာပါ၊ လူငယ်တွေ စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိစေဖို့နဲ့ ကျန်းမာပျော်ရွှင်စွာနဲ့ ပညာသင်ကြားနိုင်မယ်၊ လုပ်ငန်းခွင်တွေမှာစွမ်းအားအပြည့်နဲ့ တာဝန်တွေထမ်းဆောင်နိုင်ဖို့အလေ့အကျင့်ကောင်းတွေကို အထောက်အကူဖြစ်စေဖို့အတွက်ကျင်းပတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

လူထုစုပေါင်းစက်ဘီးစီးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက အချက်ပြဖွင့်လှစ်ပေးခဲ့ရာ စက်ဘီးစီးဝါသနာရှင်များက ဗိုလ်ချုပ်လမ်းမှ ကွေ့ကြီးရပ်ကွက်ရှိ ရွှေတောင်ဆီဆိုင်လမ်းမှတစ်ဆင့် ချင်းတွင်းမြစ်ကမ်းဘေးမြို့ပတ်လမ်းအတိုင်း မြောက်မှ တောင်သို့ စီးနင်းခဲ့ပြီး မိုင်းရှာတောင်ရပ်ကွက် ဘဏ်လမ်းဆုံမှ ဗိုလ်ချုပ်လမ်းအတိုင်း တိုင်း ဒေသကြီး အားကစားကွင်းသို့ စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲတွင် မိုင်းရှာမြို့စက်ဘီး ဝါသနာရှင်အသင်းနှင့် စက်ဘီးအားကစားပစ္စည်းအရောင်းဆိုင်များမှ ပြိုင်ဘီးသုံးစီးအား ကံစမ်းမဲဖောက်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါပွဲကို တစ်လလျှင်တစ်ကြိမ်ကျ မတ်လအထိ ကျင်းပသွားမည်ဖြစ်သည်။ **ဝင်းဦး(ဓေယျာတိုင်း)**

# ၁၅ ကီလိုဝပ်ထွက်ရှိသည့် ဆိုလာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကနီမြို့နယ်တွင် ဖွင့်လှစ်

**ကနီ ဖေဖော်ဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဒေါင်းခြံကျေးရွာတွင် ၁၅ ကီလိုဝပ်ထွက်ရှိသည့် ဆိုလာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ကျေးရွာအတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၄၀၀ ဗို့အားလိုင်းပေ ၅၀၀၀ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၆ နာရီက အဆိုပါ ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆိုလာစနစ်သုံး ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်သည့် ဒေါင်းခြံကျေးရွာသည် အိမ်ခြေ ၁၂၀ ရှိပြီး ယခင်က တစ်ပိုင်တစ်နိုင်ဆိုလာ၊ ဖယောင်းတိုင်၊ ရေနံဆီမီးများဖြင့် အသုံးပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုအခါ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးအတွက် စမ်းသပ်ကာလအဖြစ် သုံးလအတွင်း အိမ် ၃၀ ကို စတင်ပေးလျက်ရှိပြီး နောက်ပိုင်းတွင် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်အခြေအနေကို ကြည့်ပြီး ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒေါင်းခြံကျေးရွာမှာ အိမ်ခြေ ၁၂၀ ရှိပါတယ်၊ ဆိုလာမီးမရခင်က ဒီရွာမှာ ဖယောင်းတိုင်၊ ကိုယ်ပိုင်ဆိုလာပြားတွေနဲ့ လျှပ်စစ်မီးကို အသုံးပြုကြပါတယ်၊ အခုဆိုလာနဲ့ မီးရပြီဆိုတော့ ဒီကျေးရွာမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ ညစာကြည့်ချိန်မှာ အလင်းရောင်ကောင်းကောင်းနဲ့ စာကိုလေ့လာကျက်မှတ်နိုင်မယ်၊ အခုမှ ဆိုလာမီးလင်းရေးကို စမ်းသပ်အသုံးပြုနေတာဖြစ်တဲ့အတွက် အောင်မြင်သွားတဲ့နောက်ပိုင်းမှာတော့ အခုထက်အဆင့်မြင့်မြင့် အသုံးပြုနိုင်မယ်၊ အဲဒီအခါမှာတော့ မြို့ပြနဲ့မခြား လူနေမှုအဆင့်အတန်းတွေ မြင့်မားလာမယ်လို့ထင်ပါတယ်၊ ကုမ္ပဏီက အခုလောလောဆယ် စမ်းသပ်ကာလ သုံးလအတွင်းမှာ အိမ်ခြေ ၃၀ ကိုပဲ သုံးခွင့်ပြုထားတယ်၊ နောက်ပိုင်းမှာရွာရဲ့ပြည်သူတွေ သုံးချင်တဲ့အခြေအနေပေါ်မူတည်ပြီး တိုးချဲ့ပေးသွားမှာပါ၊ ဒီဆိုလာမီးပေးရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက စတင်လုပ်ဆောင်ခဲ့တာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်းမှာ ဓာတ်မီးတိုင်စိုက်ထူခြင်း၊ လိုင်းကြိုးသွယ်တန်းခြင်း၊ ဆိုလာပင်နယ်တပ်ဆင်ခြင်းနဲ့ ထိန်းချုပ်ခန်းတည်ဆောက်ခြင်းလုပ်ငန်းတွေပြီးစီးပြီး ဒီနေ့မှာ မီးစတင် ပေးတာပါ၊ ညနေ ၆ နာရီမှ ည ၁၀ နာရီထိ တစ်ရက်ကို ငါးနာရီနှုန်းနဲ့ မီးပေးမှာပါ၊ မီးနှစ်ပွင့်နဲ့ ဖုန်းအားသွင်းဖို့ ပလပ်ပေါက်တစ်ခုကို တစ်ရက်ကို ငွေကျပ် ၁၀၀ နှုန်းနဲ့ တစ်လကို ငွေကျပ် ၃၀၀၀၊ နောက်တစ်ခုက မီးသုံးပွင့်၊ ဖုန်းအားသွင်းဖို့နဲ့ တီဗွီကြည့်နိုင်မယ့်ပလပ်ပေါက်တစ်ခုကို တစ်ရက် ကျပ် ၂၀၀ နှုန်းနဲ့ တစ်လကို ငွေကျပ် ၆၀၀၀ ပေးရမယ့် နည်းနှစ်နည်းနဲ့ အသုံးပြုနိုင်မှာပါ" ဟု ဒေါင်းခြံကျေးရွာမှ အုပ်ချုပ်ရေးတာဝန်ခံ ဦးရန်လင်းက ပြောသည်။

ကနီမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၈၈ ရွာတွင် ဓာတ်အားပေးစနစ်ဖြင့် ၂၄ ရွာ၊ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ၂၁ ရွာ၊ ကိုယ့်အားကိုယ်ကိုး ဒီဇယ်စက်သုံးဆီသုံး အင်ဂျင်စက်ဖြင့် ဓာတ်အားပေးစနစ် ၉၆ ရွာ၊ ဇီဝလောင်စာသုံးဓာတ်အားပေးစနစ်ဖြင့် ၁၂ ရွာ၊ ဆိုလာစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖြင့် ဓာတ်အားအသုံးပြုသည့်ကျေးရွာ တစ်ရွာ စုစုပေါင်း ၁၅၄ ရွာ ဓာတ်အားရရှိပြီးဖြစ်ပြီး မီးလင်းရန်ကျန်သောကျေးရွာ ၃၄ ရွာ ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# ရွှေဟောင်းပစ္စည်းများ ရောင်းဝယ်မှု တားဆီးရေး အသိပညာပေး

**ဘုတလင် ဖေဖော်ဝါရီ ၂၆**
ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက နိုင်ငံတော်သို့ အပ်နှံရမည် ဖြစ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများ အပ်နှံပါက နိုင်ငံတော်မှ အပ်နှံသူအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးပါကြောင်း၊ ရှေးဟောင်းပစ္စည်းများသည် မိမိတို့နိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်အထောက်အထားများပင်ဖြစ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု မရှိအောင်ကာကွယ်တားဆီးကြရန် အရေးကြီးပါကြောင်း အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန စစ်ကိုင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသိန်းနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် အဖွဲ့သည် ဘုတလင်မြို့နယ် တွင်းတော်ကျေးရွာတွင် ကြေးခေတ်ရှေးဟောင်းပစ္စည်းများ တွေ့ရှိမှုကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာနှင့် တွင်းတော်ကျေးရွာအနီးတွင် တွေ့ရှိသည့် ကြေးခေတ်ရှေးဟောင်း ပစ္စည်းများနှင့် ရွာသစ်ကျေးရွာ မဟာလောကမာရဇိန် နတ်ရဲတောင်ဘုရားကြီးရှိ သဲကျောက်ထွင်း ရာမရုပ်စုံများနှင့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းထားကြောင်း သိရသည်။

**မိုးခါး (ဘုတလင်မြန်/ဆက်)**

# မိတ္ထီလာမြို့တွင် လူငယ်နှင့်ပရဟိတ ပြည်သူ့စကားဝိုင်းကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**
မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် လူငယ်နှင့်ပရဟိတခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကျီတော်ကုန်းရပ်ကွက်ရှိ Grand Cosmos ဟိုတယ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမောင်သင်း၊ ခရိုင်လုံးဆိုင်ရာပရဟိတကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ရှင်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်မဲတူ(စီမံကိန်း )နှင့် ကမ်းလက်များမိသားစု ပရဟိတအဖွဲ့မှ ဒေါက်တာမြတ်မင်းတို့က လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်နေမှု၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် ထားရှိရမည့် ခံယူချက်နှင့် စိတ်ထားများ၊ ပရဟိတလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံကျသည့်လိုအပ်ချက်များ၊ ပရဟိတလုပ်ငန်းများတွင် လူငယ်များ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက် အကြံပြုချက်များစသည်တို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။



ဆက်လက်၍လူငယ်နှင့် ပရဟိတ ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြောင်းသိရသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ခွင့်ရရှိရန်၊ ပြည်သူများ၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများရရှိစေရန်၊ ပြည်သူများ၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်းပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် အလားတူ ပြည်သူ့စကားဝိုင်းများကို ခရိုင်၊ မြို့နယ်များတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လုပ်ငန်းများစနစ်တကျရှိရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကြီးကြပ်စစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၆**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးရုံးများအား လုပ်ငန်းများစနစ်တကျဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ရေးကို ဖေဖော်ဝါရီ ၂၅ ရက်က မိုင်းဖြတ် မြို့နယ်ဦးစီးမှူးရုံးသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းသည် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးရုံးများတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးလုပ်ငန်းများ စနစ်တကျ သေချာစွာဆောင်ရွက်ရေး၊ ဌာနအနေဖြင့် အများပြည်သူများနှင့် ဆက်ဆံရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် ပြည်သူများအား မွေးဖွားခြင်းနှင့် သေဆုံးခြင်းများကို စာရင်းသွင်းခြင်း၊ ပယ်ဖျက်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်ပေးခြင်းတို့တွင် ဥပဒေ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဆောင်ရွက်ပေးရေး၊ ပြည်သူများနှင့် ဆက်ဆံရေး ပြေပြစ်စွာပြောဆိုပြီး သတ်မှတ် အခကြေးငွေထက် ကျော်လွန်၍ ကောက်ခံမှုမရှိစေရေး စသည်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့အပြင် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ် ထားရှိနိုင်ရေး၊ မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်နှင့် မီးချိတ်၊ မီးကတ်များ ပြုလုပ်ထားရှိပြီး ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်ထားရန် ရှင်းလင်းပြောကြားခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မြန်မာ့ကြယ်လိပ် အကောင် ၃၀၀ ဘေးမဲ့ပြန်လွှတ်

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၆**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် မြန်မာ့ကြယ်လိပ် အကောင် ၃၀၀ ကို သဘာဝတောထဲသို့ စတုတ္ထအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၄ ရက်က ပြန်လည်လွှတ်ပေးခဲ့သည်။

မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၁၃ ခုနှစ်က ပထမဦးဆုံးအကြိမ်အဖြစ် သဘာဝတောအတွင်းကို မြန်မာ့ကြယ်လိပ် ၁၅၀ စတင်၍ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ သဘာဝတောအတွင်းကို ဒုတိယအကြိမ် ပြန်လွှတ်ခြင်းတွင် မြန်မာ့ကြယ်လိပ် အကောင် ၃၀၀၊ တတိယအကြိမ် ပြန်လွှတ်ခြင်းတွင် အကောင် ၃၀၀ နှင့် စတုတ္ထအကြိမ် ပြန်လွှတ်ရာတွင် အကောင် ၃၀၀ တို့ကို ညင်သာစွာ စေလွှတ်ခြင်း အစီအစဉ်ဖြင့် (Soft released) ဘေးမဲ့လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် မြန်မာ့ကြယ်လိပ် စုစုပေါင်း အကောင် ၁၀၅၀ ကို သဘာဝတောထဲသို့ အောင်မြင်စွာ ပြန်လွှတ်နိုင်ခဲ့ပြီးဖြစ်သည်။

၂၀၁၃ ခုနှစ်မှ စတင်၍ မင်းစုံတောင် ဘေးမဲ့တောထဲသို့ ပြန်လွှတ်ခဲ့ရာတွင် ၉၇ ရာခိုင်နှုန်းမှာ အောင်မြင်ပြီး ခုနစ်ရာခိုင်နှုန်းမှာ သဘာဝတောထဲတွင် သားပေါက်ကြောင်း သုတေသနပြုလုပ်ချက်များအရ သိရသည်။

ဇန်နဝါရီလတွင်လည်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထဲကို ညင်သာစွာ စေလွှတ်ခြင်း အစီအစဉ်ဖြင့် ကြယ်လိပ် ၉၀၀ ကို ပြန်လွှတ်ခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် ရှားပါးမြန်မာ့ကြယ်လိပ်များကို ၁၄၀၀၀ ကျော်အထိ အောင်မြင်စွာ သားဖောက်မွေးမြူ၍ ထိန်းသိမ်းထားနိုင်ပြီဖြစ်သည်။

မြန်မာ့ကြယ်လိပ် ဘေးမဲ့လွှတ်ပွဲကို သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဒေါ်လေးလေးခိုင်နှင့် ဝန်ထမ်းများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ညီတူး**



# ပဲခူးတိုင်းဒေသကြီးအဆင့် လူငယ်ရေးရာမူဝါဒ ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီးအဆင့် လူငယ်ရေးရာမူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်ထုဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါလှသော လူငယ်ရေးရာမူဝါဒအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီးဖြစ်သလို ယခုအခါ ပဲခူးတိုင်းဒေသကြီးတွင်လည်း ထပ်ဆင့် ရှင်းလင်းပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းသည် အသက် (၁၅)နှစ်မှ (၃၅)နှစ်အတွင်းရှိ လူငယ်များဖြစ်ပြီး နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကို သိရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ပြန်လည်ထူထောင်ရေးစသည့် လူငယ်ထုနှင့် နိုင်ငံတော်အတွက်အလွန် အကျိုးဖြစ်ထွန်းစေသော လုပ်ငန်းစဉ်များအား ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်းနှင့် လူငယ်ရေးရာမူဝါဒနှင့်အတူ ဖြစ်ပေါ်လာမည့် လူငယ်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတိုင်းမှာ ကျား/မခွဲခြားမှုမရှိသည့် သဘောထားအမြင်များကို လူငယ်များကိုယ်တိုင် ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာအဖွဲ့မှ ဦးအောင်ကိုကိုက လူငယ်ရေးရာမူဝါဒ ရေးဆွဲမှု Video Clip နှင့် ပါရှိသော အခန်းကဏ္ဍများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာမူဝါဒရေးဆွဲရေးအဖွဲ့ဝင် ဦးထိုက်ထိုက်က လူငယ်ရေးရာမူဝါဒ၌ပါရှိသော အခန်းကဏ္ဍများအား ဖတ်ရှုလေ့လာခြင်း၊ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အကြံပြုခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာန ဆိုင်ရာများ၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီ ခရိုင်တို့မှ လူငယ်ရေးရာအဖွဲ့ဝင် စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် လူငယ်များကအဓိက အခန်းကဏ္ဍ တစ်ရပ်မှနေ၍ စည်လုံးညီညွတ်စွာ ဦးဆောင်ပူးပေါင်းဆောင်ရွက်စေရန် မျှော်မှန်းပြီး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးစသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးပြီး နိုင်ငံ့သားကောင်းများ ပေါ်ထွန်းစေရန် ရည်မှန်း၍ ဖွဲ့စည်းကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမ ကျောင်း၌ ၂၀၁၇ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့်စာအောင်သံဃာတော် ၃၀၃ ပါးအား ချီးကျူးပူဇော်ဂုဏ်ပြုသည့် စူဠဘွဲ့လက်မှတ်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ စာအောင်သံဃာ တစ်ပါးအား မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးလှဘုန်းကျော်က စာအောင်လက်မှတ် နှင့် နဝကမ္မဝတ္ထုငွေ ဆက်ကပ် လှူဒါန်းစဉ်။ (ကြေးမုံ)

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်

**သဲကုန်း ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခေါင်းလျှော်ရည်နှင့် ဆပ်ပြာချက်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို သဲကုန်းမြို့နယ် ညောင်ပင်ကုန်းကျေးရွာအုပ်စု အင်ပင်လှကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကိုမောင်က သင်တန်းဖွင့်ရခြင်း၏ရည်ရွယ်ချက်ရည်မှန်းချက်များနှင့် သင်တန်းစည်းကမ်းများအား ရှင်း လင်းပြောကြားခဲ့သည်။

ယခုလို အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရခြင်းကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း ဖွင့်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကိုမောင်နှင့် ဝန်ထမ်းများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် တောင်ဥက္ကလာပမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကို သိရှိရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း (Public Talk) ကို "လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဟေမဝန်ဓမ္မာရုံခန်းမ၌ ကျင်းပခဲ့သည်။

အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သစ်သစ်မြင့်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်၊ မြို့နယ်ပညာရေးမှူး ဦးခင်ညိုဦး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်စိုးနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)တို့က မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များ၊ ပြစ်ဒဏ်များနှင့် မူးယစ်ဆေးကြောင့် ယနေ့ခေတ်လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ သုံးစွဲသူများ ပပျောက်ရေးတို့ကိုသက်ဆိုင်ရာကဏ္ဍအလိုက် အတွေ့အကြုံများနှင့်တကွ အကျယ်တဝင့် ပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူတို့က သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူတို့က အကျယ်တဝင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**



နေပြည်မြို့နယ်၊ အုန်းပင်ကွင်းကျေးရွာအုပ်စု၊ မရမ်းချောင်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၄ ရက်ည ၁၀ နာရီ ခန့်တွင် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အောင်သူဟိဏ်း(ပြန်/ဆက်)

## ကျောက်ကပ်ဆေးစက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်း

**သထုံ ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်ဆေးစက် (Haemodialysis Unit) နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရောဂါဝေဒနာရှင်များအနေဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လွယ်လင့်တကူ ကျောက်ကပ်ဆေး ကုသနိုင်ခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာပြီး လျင်မြန်စွာပျောက်ကင်းနိုင်စေရန်ရည်ရွယ်ကာ လှူဒါန်းရခြင်းဖြစ်ကြောင်း ကျောက်ကပ်ဆေးစက် (Haemodialysis Unit) အလှူရှင်ဖြစ်သူ ဒေါ်တိုးကြည်က ပြောသည်။

"ကျောက်ကပ်ရောဂါဖြစ်ပြီဆိုရင် အနည်းဆုံးတစ်ပတ် တစ်ခါတစ်လကို လေးကြိမ်လောက် ရန်ကုန်၊ မော်လမြိုင်မြို့ကြီးတွေမှာ သွားဆေးရတယ်။ ကျွန်မသာရောဂါခံစားနေရမယ်ဆို ကားစီးခရီးသွားရမယ့်ဒုက္ခတွေ ငွေကုန်ကြေးကျများတာတွေ ဒီလိုအခက်အခဲတွေကို ကိုယ်ချင်းစာပြီး လှူဒါန်းဖို့ စိတ်ကူးပြီးတော့ အကောင်အထည်ဖော်ခဲ့တာပါ" ဟု ဒေါ်တိုးကြည်က ဆက်လက် ပြောကြားသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က အမှတ်တရစကားများပြောကြားသည်။ ယင်းနောက်အလှူရှင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက ကျောက်ကပ်ဆေးစက်အလှူဖြစ်မြောက်လာပုံကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောက်ကပ်ဆေးစက်နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများမှာ ငွေကျပ်သိန်းပေါင်း ၅၈၇ သိန်းကျော် ကုန်ကျခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**သန်လျင် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထွန်းဖေဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ နှင့် သန်လျင်မြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်ဝင်းဦးစီးသော ရဲတပ်ဖွဲ့ဝင်အင်အား ၆၀၊ စုစုပေါင်း ၁၁၀ တို့သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီမှ ၉ နာရီထိ သန်လျင်မြို့မရဲစခန်းအတွင်း မိသားစုနေအိမ်လိုင်းခန်းများကြားရှိ အမှိုက်များကို မီးဘေးလုံခြုံရေးအတွက်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲက သန်လျင်အဆင့်မြင့် (မွမ်းမံ) လေ့ကျင့်ရေးသင်တန်း ကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းဖေက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ညွှန်ကြားချက်များအား ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**မြောက်ဥက္ကလာပ**။ ။မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်သည် ဖေဖော်ဝါရီ တတိယပတ်က (င)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြောခဲ့သည်။ **ကြေးမုံ**

**ထန်းတပင်**။ ။ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့မရဲစခန်း၊ စခန်းမှူးဒုရဲမှူးဝင်းတင်သည် ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီခွဲက အမှတ်(၂)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး လူထုအခြေပြု မှုခင်းအသိပညာပေးဆွေးနွေးခြင်းများကိုဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# အချစ်ဟောင်းနဲ့ ပြန်လည်တွေ့ဆုံခဲ့တဲ့ ဒေမီလိုဗားတိုး

ဒစ်စနေသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့ပြီဖြစ်တဲ့ ဒေမီလိုဗားတိုးဟာ တစ်ချိန်က ချစ်သူတွေအဖြစ် အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ ဝေလ်မာဗားဒါရာမာနဲ့ လတ်တလောမှာတော့ အတူတွေ့ဆုံခဲ့ကြတာကို တွေ့ခဲ့ရတာကြောင့် သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တယ်လို့ ယူအက်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက်(၂၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒေမီလိုဗားတိုးနဲ့ (၃၈)နှစ်အရွယ် ဝေလ်မာဗားဒါရာမာတို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်မှာတော့ လော့စ်အန်ဂျလိစ်က စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ အတူစားခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှုကို ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ တီအမ်ဇက်မှာ ရေးသားဖော်ပြခဲ့ရာမှာတော့ အဆိုပါကြယ်ပွင့်စုံတွဲဟာ စကားတွေပြောနေရင်း ရယ်မောပျော်ရွှင်နေတာကို တွေ့ရကြောင်းလည်း သိရပါတယ်။

"Tell Me You Love Me" တေးသီချင်းရဲ့ တေးသံရှင် ဒေမီလိုဗားတိုးနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဝေလ်မာဗားဒါရာမာတို့ဟာ ခြောက်နှစ်ကြာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီးနောက် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ကျရောက်ခဲ့တဲ့ ဒေမီလိုဗားတိုးရဲ့ (၂၅)နှစ်ပြည့် မွေးနေ့မှာလည်း သူတို့နှစ်ဦး ပြန်လည်တွေ့ဆုံခဲ့ကြပါတယ်။

# တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ TWICE

တောင်ကိုရီးယားရဲ့ လက်ရှိမှာ အကျော်ကြားဆုံး အမျိုးသမီးတေးဂီတအဖွဲ့လို့ဆိုနိုင်တဲ့ TWICE ဟာ တေးအယ်လ်ဘမ်တွေနဲ့ သီချင်းတွေထုတ်လွှင့်တိုင်းမှာ စံချိန်သစ်တွေတင်ကာ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးထွက်ရှိခဲ့တဲ့ ဂျပန်တေးသီချင်းဟာလည်း စတင်ထုတ်လွှင့်ပြီး သီတင်းပတ်နှစ်ပတ်တိုင် ရောင်းအားတက်နေဆဲ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုတွေကို အချိန်တိုအတွင်း ရရှိခဲ့တဲ့ TWICE ဟာ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

TWICE ဟာ အောင်မြင်မှုတွေ ဆက်တိုက်ရတာနဲ့အညီ အဖွဲ့ရဲ့ တေးဂီတလှုပ်ရှားမှုတွေကိုလည်း အရှိန်မြှင့်ကာ လုပ်ဆောင်လာတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာတော့ တေးဂီတအဖွဲ့နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်တစ်ဦးက TWICE ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေကို စတင်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ ဒီတေးအယ်လ်ဘမ်သစ်ဟာ လာမယ့် ဧပြီလအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး တေးအယ်လ်ဘမ်သစ်မှာတော့ အဖွဲ့ဝင်တွေဟာ သူတို့တစ်ဦးချင်းစီရဲ့ မတူညီတဲ့ အရည်အချင်းတွေကို ထုတ်ဖော်ပြသနိုင်ဖို့ရာ ကြိုးစားဖန်တီးထားကြပါတယ်။ ဒီလို မတူညီတဲ့အရည်အချင်းတွေကို ထုတ်ဖော်ထားတာဖြစ်တာကြောင့် အဖွဲ့လိုက်ဓာတ်ပုံကို ရိုက်ကူးရာမှာလည်း ယခင်ကလို ပုံစံတူဝတ်ဆင်တာမျိုးထက် တစ်ယောက်နဲ့တစ်ယောက် ကွဲပြားတဲ့အပြင်အဆင်မျိုးနဲ့ ဖန်တီးရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။ ယခုနှစ်အတွင်း အဖွဲ့ရဲ့ ပထမဆုံးသော တေးအယ်လ်ဘမ်ဖြစ်လာမယ့် အဆိုပါတေးအယ်လ်ဘမ်သစ်မှာတော့ တွေ့မြင်နေကျဖြစ်တဲ့ အဖွဲ့ဝင်တွေရဲ့ ချစ်စဖွယ်ဟန်ပန်တွေကိုတော့ တွေ့မြင်ရဦးမှာဖြစ်တယ်လို့လည်း အေဂျင်စီက ဆိုပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး TWICE ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်ကလည်း ဟုတ်မှန်ကြောင်း ပြန်လည်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ယင်းအေဂျင်စီက "အဖွဲ့ရဲ့ ပရိသတ်ရှေ့အရောက်ပြန်လာမယ့်အချိန်ကို အကြမ်းဖျင်းအားဖြင့် လာမယ့် ဧပြီလအစောပိုင်းလို့ သတ်မှတ်ထားပါတယ်၊ ဒါပေမဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့် ရက်အတိအကျကိုတော့ မဆုံးဖြတ်ရသေးပါဘူး၊ ဆုံးဖြတ်ချက်ချပြီးရင်တော့ ပရိသတ်တွေကို ချက်ချင်းထုတ်ဖော်ပြောကြားသွားမှာပါ"လို့ ဆိုပါတယ်။

မျှော်မှန်းထားတဲ့အတိုင်း လာမယ့် ဧပြီလအတွင်းမှာ TWICE ရဲ့ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ဖြစ်ခဲ့မယ်ဆိုပါက အဲဒီ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ လေးလအတွင်း ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းမှာတော့ အဖွဲ့ရဲ့ ပြန်လည်ဆန်းသစ်စုစည်းထားတဲ့ တေးအယ်လ်ဘမ် "Merry & Happy"ကို ထုတ်လွှင့်ခဲ့ပြီး နောက်ဆုံးထုတ်လွှင့်ထားတဲ့ ဂျပန်တေးသီချင်း "Candy Pop" ဟာလည်း စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ဒုတိယသီတင်းပတ်အတွင်းမှာတော့ ကော်ပီပေါင်း ၄၀၀၀၀၀ ကျော် ရောင်းချခဲ့ရပြီးဖြစ်တယ်လို့လည်း သိရပါတယ်။





# EXO နဲ့ တွေ့ခွင့်ရခဲ့တဲ့ အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာ

အိုလံပစ်အားကစားမယ်တစ်ဦးဖြစ်တဲ့ အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာဟာ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO"ရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ပါတယ်။ သူဟာ အဖွဲ့ရဲ့ သီချင်းတွေကို ပြိုင်ပွဲမစတင်မီ အမြဲနားထောင်လေ့ရှိပါတယ်။ ၂၀၁၈ ခုနှစ် ပြုံချမ်းဆောင်းရာသီအိုလံပစ်ပွဲတော်ရဲ့ ပိတ်ပွဲအခမ်းအနားမှာတော့ သူအလွန်နှစ်သက်ရတဲ့ "EXO" ရဲ့ အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံခဲ့ရတာကြောင့် သူ့ရဲ့ အိပ်မက်ပြည့်ဝခဲ့ရပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာဟာ ရုရှားနိုင်ငံသူဖြစ်ပြီး အိုလံပစ်မှာ အလှပြစကိတ်စီးကစားသမားအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုအပြင် သူ့ရဲ့ အပျော်တွေကို ထပ်လောင်းစေခဲ့တာကတော့ "EXO"နဲ့ တွေ့ဆုံခွင့်ရခဲ့တာ ဖြစ်ပါတယ်။ "EXO"ဟာ ပိတ်ပွဲအခမ်းအနားမှာ ပါဝင်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာဟာ ယခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော် အမျိုးသမီးတစ်ဦးချင်းစကိတ်စီးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်ခဲ့ပြီးနောက်မှာတော့ "EXO"ရဲ့ အေဂျင်စီနဲ့ အိုလံပစ်ကျင်းပရေးကော်မတီတို့ဆွေးနွေးကာ အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာ အံ့အားသင့်စေဖို့ စီစဉ်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ ကမ္ဘာ့စံချိန်သစ်တင်ခဲ့ပြီး နောက်မှာတော့ "EXO" အဖွဲ့ဝင်တွေ လက်မှတ်ရေးထိုးထားတဲ့ တေးအယ်လ်ဘမ်နဲ့ စာတွေကို စကိတ်မယ်ဆီကို အဖွဲ့ဝင်တွေက ပေးပို့ခဲ့တာကိုလည်း တွေ့ရပါတယ်။ အီဗ်ဂျီးနီးယာမစ်ဒီရေဒါဗာက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ "EXO"ဆီက ရရှိခဲ့တဲ့ လက်ဆောင်တွေနဲ့ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**



# လာမယ့်လအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမယ့် April

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "April"ဟာ လာမယ့် မတ်လအတွင်းမှာတော့ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း အဖွဲ့ရဲ့ အေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ "The Blue"လို့အမည်ရပြီး မီနီတေးအယ်လ်ဘမ်အမျိုးအစားဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးတဲ့ ဓာတ်ပုံကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ရာမှာတော့ အဖွဲ့ဝင်တွေဟာ တေးအယ်လ်ဘမ်ရဲ့အမည်နဲ့ လိုက်ဖက်စွာ အပြာရောင်ဆင်တူဝတ်စုံတွေနဲ့ လှပနေတာကိုလည်း တွေ့ရပါတယ်။

"The Blue"ဟာ အဖွဲ့ရဲ့ ငါးခုမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး လွန်ခဲ့တဲ့ ခြောက်လအတွင်း ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ကြောင်း သိရပါတယ်။ ယင်းမီနီတေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မတ် ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲ

## ကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့နေ ဦးကင်းညွန့်-ဒေါ်ချိုချိုဦး(သိန်းသန်းထိုက် စိန်ရွှေရတနာဆိုင်နှင့်စတိုး) တို့၏ သားကြီး

**မောင်ဖြိုးမောင်မောင်ညွန့်**
**LL.B(Law)**

နှင့်

မွန်ပြည်နယ်၊ မောင်လမြိုင်မြို့နေ ဦးဌေးဝင်း-ဒေါ်မြမြလှိုင်(သရဖူ စိန်ရွှေရတနာဆိုင်)တို့၏တစ်ဦးတည်းသောသမီး

**မသွယ်သွယ်ဌေးဝင်း**
**BA (English for Professional Purposes)**

တို့၏ ၃-၁၁-၂၀၁၇ရက်(သောကြာနေ့) Royal Hinthar Hotel တွင်ပြုလုပ်သော စေ့စပ်မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့) Strand Hotel တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော မွန်ပြည်နယ်၊ တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးခင်မောင်ကြီးအားလည်းကောင်း၊ ဖားအောက်တောရ၊ ပင်မရိပ်သာ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) (ပြည်ထောင်စုနေ့)တွင် Strand Hotel ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဖေဖေ ဦးဌေးဝင်းနှင့် မေမေ ဒေါ်မြမြလှိုင်(သရဖူ စိန်ရွှေရတနာဆိုင်) အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးတင်လှိုင်နှင့်ဇနီး ဒေါ်သန်းသန်းဝင်း(ကျော်ကြား ဆောက်လုပ်ရေးနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဦးမျိုးဝင်းထွန်းနှင့်ဇနီး ဒေါ်ချိုဝေညွန့်(သိန်းသန်းထိုက် စိန်ရွှေရတနာဆိုင်နှင့်စတိုး)အားလည်းကောင်း၊ ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဇင်းကျိုက်မြို့ ဦးကင်းညွန့်-ဒေါ်ချိုချိုဦး သိန်းသန်းထိုက်နေအိမ်၌ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တက္ကသိုလ်ကိုကိုဇော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရွှေရည်ဝင်းနှင့်အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မမေသဇင်ဟန်နှင့် မခင်သူဟန်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မစုတင့်မိုမို၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသဇင်မိုးမြင့်ဆွေ၊ မင်္ဂလာသတို့သားအရံ မောင်စိုးဝေယံထက်နှင့် မောင်သူသူဌေး၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာလဲ့ရည်ဝင်းနှင့် မဇာခြည်မြင့်မြင့်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော တီချယ်ဒေါ်မြင့်မြင့်အေး(စိန်ရတနာ ရောင်းဝယ်ရေး)၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော Jet Jet(စောလမင်း)နှင့်အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံဖန်တီးဆင်မြန်းပေးပါသော မစန္ဒီလင်းနိုင်(Touched by Heart)၊ Helen Hnin Ei Phyu(Pandora)၊ မခင်ငြိမ်းငြိမ်းအေး(Bo Bo Silk & Desgin)နှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော Love Diary, ကိုကျော်လင်း(မိုးမြင့်သူ)၊ ဦးဇော်မင်း(မိုးချယ်ရီ)နှင့်အဖွဲ့သားများ၊ ပန်းအလှဆင်ပေးပါသော ကိုမျိုးချစ်(ရွှေနန်းမြင့်) နှင့် ကိုနိုင်နိုင်အဖွဲ့သားများ၊ Royal Hinthar Hotelနှင့် Strand Hotelမန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးမောင်မောင်ညွန့်-မသွယ်သွယ်ဌေးဝင်း**



## သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် အထက(၁) ကျိုက်ထို၏ အသက်(၆၀)နှစ်အထက် သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၈ခုနှစ်၊ ဧပြီလ ၂၁ရက်တွင် ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖြစ်မြောက်ရေးကော်မတီမှ လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဧရာဝတီဘဏ် (56202010032406)နှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးဝေလင်း ၀၉-၇၉၂၆၄၅၈၆၉ ၂။ ဦးသိန်းဇော် ၀၉-၉၇၀၀၉၈၉၁၉
၃။ ဦးစိုးသီဟ ၀၉-၈၇၂၃၆၂၉ ၄။ ဒေါ်တင်မာလွင် ၀၉-၇၉၁၁၃၁၇၀၇
၅။ ဒေါ်မို့မို့အေး ၀၉-၉၇၀၁၀၀၀၁၆၆ ၆။ ဒေါ်ခင်သူဇာစိုး ၀၉-၉၇၀၀၉၈၉၆၉



မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



ဆရာဒွေး
အင်္ဂလိပ်စာ
မေ... (၃)လ တန်းများ
မတ် ၇/၈ ဖွင့်မည်။
၈၊ ၉၊ ၁၀ တန်းများ Guide များအတွက် သဒ္ဒါ နှင့် အရေး အခြေခံအားလုံး
ဆရာမ ဒွေးစန္ဒာလွင် ၄-၅-၆-၇-၈ တန်းထိ
Essay, Letter, Word-Verb Forms, Read the Passage
ဆရာ ဒွေးသူရိန်ဝင်း
B.A (English), Dip in English (YUFL)
B.C (Advanced Level)
Dip in Communicative English (Stamford City)
4 Skills English Courses
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



မှာ် SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644



ပညာတံခွန် (၁၀ တန်းအထူးဘော်ဒါ)နေ့ရာသီ
- သင်ခန်းစာများကို နွေရာသီ(၂)လနှင့်ဘာသာစုံ(၅)ခန်းအပြတ်သင်ကြားပေးမည်။ သင်ပေးရုံသာမက(အလွတ်တွက်/အရပါ)ကျက်ပေးမည်။ (စမ်းသပ်ကာလရှိသည်)
- မိဘထားသောကြောင့်လာခြင်းမဟုတ်ဘဲ စာလိုချင်သောစိတ်ကြောင့်လာသောသူသာဖြစ်ရမည်။
- (၉)တန်းစာမေးပွဲ ဖြေဆိုပြီးသူတိုင်း ဆက်သွယ်နိုင်သည်။
- သင်တန်းကာလပြီးဆုံးပါကပုံမှန်သင်တန်းဆက်တက်နိုင်သည်။
- နယ်မှစာကြိုးစားသောကလေးများလည်းဆက်သွယ်နိုင်သည်။

ဖုန်း-၀၉၄၂၀၂၇၅၆၆၃၊ (၁၉)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်။
-၄(က)၊သဇင်လမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ယာဝင်း၊စမ်းချောင်း။



"Amazing March Super Sales"
1-2-3-4 March 2018
အထူးလက်ဆောင်မွန်

Forever
Gems by
ရွှေနန်းတော်
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၆)ဆိုင်
စိန်နှင့်ကျောက်မျက်လက်ဝတ်ရတနာများ
35% OFF



8-1-2018 မှ 12-1-2019 အထိ
သိန်းပေါင်း (2500) ကျော် ကံစမ်းမဲအစီအစဉ်
TOYOTA BRAND New ကား (၂)စီး
(၅)ကျပ်သားရွှေဆွဲကြိုး (၃)ကုံး
(၂)ကျပ်သားရွှေဆွဲကြိုး (၅)ကုံး
(၁)ကျပ်သားရွှေဆွဲကြိုး (၁၅)ကုံး
(၈)ပဲသားရွှေဆွဲကြိုး (၃၀)ကုံး
ရွှေသားဆုမဲ (၃၀၀)ကျော် ပါဝင်သည့် ဗလာမပါကံစမ်းမဲ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက် ရွှေ(၁၀)သား အပါအဝင်ရွှေသားဆုမဲများစွာ
ဝယ်ယူထားတဲ့ Point များလေလေ
Discount ခံစားခွင့် ပိုရလာမည့် Member Card



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးတွင် အစည်းအဝေး အစီအစဉ်များ အတည်ပြုခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေး သဘောတူစာချုပ်လက်မှတ် ရေးထိုးပြီးသည့် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး ( LDU) ကိုယ်စားလှယ်များကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး အစီအစဉ်ကိစ္စ၊ လုပ်ငန်းကော်မတီကိစ္စနှင့် လူထုတွေ့ဆုံပွဲကိစ္စရပ်များကို ဆွေးနွေးကြသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။

# AFC Cup ပြိုင်ပွဲ အုပ်စုအဆင့် ဒုတိယပွဲများ ယနေ့ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့် ဒုတိယပွဲများကို ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ရန်ကုန် (မြန်မာ)နှင့် ထန်ဟွာ(ဗီယက်နမ်)၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ အန်ကော (ကမ္ဘောဒီးယား) နှင့် ရှမ်းယူနိုက်တက် (မြန်မာ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့



AFC Cup ပြိုင်ပွဲ ပထမပွဲတွင် အနိုင်ရထားသည့် ရန်ကုန်အသင်း။

# ငပလီကမ်းခြေတွင် ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာ သျှစ်သောင်းမြောက်ပွဲ ကျင်းပမည်

**စစ်တွေ ဖေဖော်ဝါရီ ၂၆**

ရခိုင်ရိုးရာ သျှစ်သောင်းမြောက်ပွဲ (သဲပုံစေတီပွဲ)ကို ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီသဲသောင်ပြင် အများပြည်သူအပန်းဖြေနေရာ၌ မတ် ၁ ရက် (တပေါင်းလပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

"ဒီပွဲက ကျွန်တော်တို့ရခိုင်ရိုးရာအစဉ်အလာနဲ့လုပ်ခဲ့ကြတဲ့ ယဉ်ကျေးမှုပွဲလည်းဖြစ်တယ်၊ ဘာသာရေးနဲ့လည်း ပတ်သက်တဲ့အခါကျတော့ ဒီလိုပွဲတော်တွေကို ကျွန်တော်တို့ ငပလီကမ်းခြေမှာသာမက တခြားသောသဲသောင်ပြင်ရှိတဲ့ နေရာတွေမှာလည်း ဖြစ်စေချင်တယ်၊ ဒါဟာ ရိုးရာယဉ်ကျေးမှုလည်းဖြစ်တယ်၊ ဘာသာရေးနဲ့လည်း ပတ်သက်တယ်၊ ကုသိုလ်လည်း ရတယ်၊ ဒီလိုပွဲမျိုး များများပေါ်ပေါက်လာစေချင်ပါတယ်" ဟု သျှစ်သောင်းမြောက်ပွဲ ကျင်းပရေးကော်မတီမှ ဦးဆောင်သူတစ်ဦးဖြစ်သူ ကိုစန်းကိုက ပြောသည်။

ရခိုင်ရိုးရာ သျှစ်သောင်းမြောက်ပွဲ(သဲပုံစေတီပွဲ)ကို ငပလီကမ်းခြေတွင် ဒုတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲကို မွန်းလွဲ ၂ နာရီမှ စတင်ကာ ပြုလုပ်သွားမည်ဖြစ်ကာ မည်သူမဆို မိမိကြိုက်နှစ်သက်သည့် စေတီပုံများတည်၍ ပါဝင်ဆင်နွှဲနိုင်ကြောင်းလည်း သိရသည်။ အလားတူ ရခိုင်ပြည်နယ် မြို့တော် စစ်တွေကမ်းခြေ၌လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**


